# ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သောမကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့။ Tuesday, 15 October 2024 ၁၁၆၁၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

## နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက်လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန်ဖြစ်ထွန်းနေစေရေး အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာ ရိုးရာသံစုံတေးဂီတအဖွဲ့၏ စုပေါင်းတီးခတ်ဖျော်ဖြေမှုကို ကြည့်ရှုအားပေးကြစဉ်။

နေပြည်တော် အောက်တိုဘာ ၁၄

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက် အမှာစကား ပြောကြားသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ○



ပြည်လုံးကျွတ် သန်းခေါင်စာရင်း (၁၅)ရက်မြောက်နေ့ ကောက်ယူနေပါသည်။

ကြေးမုံ

# လူငယ်လူရွယ်များစွမ်းပကားဖြင့် သဘာဝဘေးအန္တရာယ်ကျော်လွှား

မြန်မာနိုင်ငံသည် သဘာဝဘေးအန္တရာယ်အမျိုးမျိုး အထူးသဖြင့် ရေကြီးရေလျှံမုန်တိုင်းအန္တရာယ်များကို မကြာခဏကြုံတွေ့လေ့ရှိသည့် နိုင်ငံဖြစ်သည်။ သဘာဝဘေးအန္တရာယ်နှင့် ရင်းနှီးပြီးသားဖြစ်၍ ကြိုတင်ပြင်ဆင်မှုမရှိဘဲ ပေါ့ပေါ့တန်တန်နေမိသည့်အခါတွင် ထိခိုက်ဆုံးရှုံးမှုများပြားပြီး ကြိုတင်ပြင်ဆင် အလေးထားစီမံခန့်ခွဲခဲ့သည့်အခါတွင် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးအခြေအနေသို့ လျှော့ချနိုင်ခဲ့သည်ကို တွေ့ရသည်။

ယခုဆယ်စုနှစ်ကာလများအတွင်း မြန်မာနိုင်ငံတွင် ကြီးမားသည့် သဘာဝဘေးအန္တရာယ်ဖြစ်စဉ်များနှင့် ကြုံတွေ့ခဲ့ရသည်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့က တိုက်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း နာဂစ်တိုက်ခတ်ခဲ့ရာတွင် မိုးလေဝသဌာနက ကြိုတင်အသိပေး သတိပေးခဲ့သော်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်မှုမရှိသောကြောင့် ထိခိုက်ဆုံးရှုံးမှု အလွန်များပြားခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ၂၀၂၃ ခုနှစ် မေလ ၁၄ ရက်နေ့က တိုက်ခတ်ခဲ့သည့် အင်အားအလွန်ပြင်းထန်သော ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ခဲ့ရာတွင် ကြိုတင်အသိပေးနိုင်မှုနှင့်အတူ နိုင်ငံတော်က ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်နိုင်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးအခြေအနေသို့ လျှော့ချနိုင်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်းက တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်ခဲ့သည့် တိုင်ဖွန်းမုန်တိုင်း ရာဂီ၏ သက်ရောက်မှုကြောင့် စံချိန်တင်မိုးရွာသွန်းမှုများ မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် ဖြစ်ပေါ်ခဲ့ရာ လျှပ်တစ်ပြက်ရေကြီးခြင်း၊ တောင်ကျရေများ အရှိန်အဟုန်ဖြင့် စီးဆင်းခြင်း၊ တောင်ကျရေနှင့်အတူ မျောပါလာသည့် သစ်ပင်သစ်တုံး၊ ကျောက်တုံးကျောက်ခဲ၊ နုန်းအနည်အနှစ်များကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုးခုတွင် လူဦးရေ တစ်သန်းနီးပါး ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ရာ သေဆုံး/ပျောက်ဆုံးသူဦးရေ ၅၂၀၊ သေဆုံးသည့်တိရစ္ဆာန်တစ်သိန်းရှစ်သောင်းကျော်၊ စပါးနှင့် သီးနှံစိုက်ဧက ခုနစ်သိန်းကျော်နှင့် လမ်းတံတားစသည့် အခြေခံအဆောက်အအုံများစွာ ပျက်ဆီးဆုံးရှုံးခဲ့ရသည်။

ပြီးခဲ့သည့်စက်တင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံ မြေပြိုမှု သဘာဝဘေးအန္တရာယ်သည် ကြိုတင်ပြင်ဆင်ရှောင်ရှားနိုင်မှု မပြုလုပ်နိုင်သဖြင့် ထိခိုက်ဆုံးရှုံးမှု များပြားခဲ့သည်။ သဘာဝဘေးအန္တရာယ်၏ သဘောသဘာဝအရ လုံးဝမဖြစ်အောင် ကာကွယ်တားဆီးနိုင်စွမ်းမရှိသဖြင့် ဖြစ်ပွားလာသည့်အခါတွင် ထိခိုက်ဆုံးရှုံးမှု အနည်းဆုံးဖြစ်အောင် စီမံဆောင်ရွက်ကြရသည်။ သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်နိုင်ရန်အတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် နိုင်ငံတကာသဘာဝဘေးအန္တရာယ် အတွေ့အကြုံများရှိသည့် ပြည်တွင်းပညာရှင်ကြီးများဦးစီးပြီး ဘေးအန္တရာယ်ပြမြေပုံနှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေပြမြေပုံ ရေးဆွဲပြုစု ဆောင်ရွက်နေပြီဖြစ်သည်။

ယခုနောက်ဆုံးဖြစ်စဉ်နှင့်ပတ်သက်၍ ၂၀၁၅ ခုနှစ်က ဖြစ်ပေါ်ခဲ့သည့် ကလေးမြို့ မြစ်သာမြစ် ရေလွှမ်းမိုးမှုဖြစ်စဉ်ကိုသင်ခန်းစာယူပြီး အကြံပြုချက်များ ပေါင်းစပ်ဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ် လျှော့ချလျော့ပါးရေးအတွက် ဆောင်ရွက်ရာတွင် အချို့ကဏ္ဍများ၌ ငွေကြေးအရင်းအနှီး၊ လူသားအရင်းအမြစ်များစွာလိုအပ်သည်။ အရေးပါပြီး တန်ဖိုးဖြတ်၍မရနိုင်သည့် အရင်းအမြစ်တစ်ခုမှာ နိုင်ငံအတွင်း အားကောင်းစွာရှိနေသည့် စေတနာရှင်များ၊ လူငယ်လူရွယ်များပင်ဖြစ်သည်။ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးဆိုင်ရာ ကမ္ဘာ့မူဘောင်ဖြစ်သည့် ဆန်ဒိုင်းမူဘောင် ၂၀၁၅-၂၀၃၀ နှင့် အညီ အကောင်အထည်ဖော်ဆောင်ရွက်ရန်နှင့် လူငယ်လူရွယ်များအားလုံးပါဝင်သည့် ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်ရေးဆိုင်ရာ အလေ့အထယဉ်ကျေးမှုဖြစ်ထွန်းအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့အခမ်းအနားကို အောက်တိုဘာလ ၁၃ ရက်နေ့က နေပြည်တော်တွင် ကျင်းပပြုလုပ်ခဲ့ရာ ယခု ၂၀၂၄ ခုနှစ် သဘာဝဘေးအန္တရာယ် ကြံ့ကြံ့ခံရင်ဆိုင်နိုင်ရေးတွင် အဓိကကျသည့် မျိုးဆက်သစ်များ၏ စွမ်းဆောင်ရည် တိုးတက်မြင့်မားစေရန် ရည်ရွယ်ပြီး ချမှတ်ထားသည့် "အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့" ဆောင်ပုဒ်သည် ယနေ့ လူငယ်လူရွယ်များအနေဖြင့် ကမ္ဘာတစ်ဝန်း၌ ရင်ဆိုင်ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကြောင့် ထိခိုက်ခံစားနေရမှုများ လျှော့ချရေးလုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပါဝင်ဆောင်ရွက်နိုင်ရန် တိုက်တွန်းနှိုးဆော်ထားခြင်းဖြစ်သည်။

မျက်မှောက်ကမ္ဘာကြီးတွင် လူဦးရေတစ်နေ့တခြား တိုးပွားလာသည်နှင့်အတူ စီးပွားရေးလုပ်ငန်းများ ချဲ့ထွင်လာမှု၊ ကမ္ဘာ့အပူချိန်မြင့်မားလာမှု၊ ရာသီဥတုပြောင်းလဲလာမှု၊ သစ်တောသစ်ပင်များ ပြုန်းတီးလာမှု စသည့်အကြောင်းများကြောင့် သဘာဝဘေးအန္တရာယ်များ တစ်နှစ်ထက်တစ်နှစ် တိုးတက်ဖြစ်ပေါ်လာရာ ဆိုးရွားပြင်းထန်သည့်သက်ရောက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများ လျှော့ချနိုင်အောင် ကဏ္ဍအလိုက် လုပ်ငန်းစဉ်များတွင် လူငယ်လူရွယ်များအားလုံး၏စွမ်းပကားဖြင့် ထိရောက်စွာဆောင်ရွက်နိုင်အောင် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း။ ။

## နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၁၄**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်၊ မန္တလေး)တို့၏ ၁၃၈၆-၁၃၈၇(၂၀၂၄-၂၀၂၅) ပညာသင်နှစ်အတွက် သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမနှစ်)သို့ အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သကျသီဟစာသင်တန်းတစ်ခုခု အောင်မြင်ပြီး သက်တော်(၃၀)နှစ်၊ သိက္ခာ(၁၀)ဝါအောက်ရှိရမည့် ရဟန်း/သာမဏေများနှင့် သာသနတက္ကသီလမဟာဓမ္မာစရိယတန်း (ပထမနှစ်) သို့ သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သကျသီဟဓမ္မာစရိယဘွဲ့နှင့် စေတိယင်္ဂဏဓမ္မာစရိယဘွဲ့တစ်ခုခုရရှိပြီး သက်တော်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါအောက်ရှိရမည့် ရဟန်း/ သာမဏေများ လျှောက်ထားနိုင်သည်။

**ဖြေဆိုကြရမည်**

သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/ သာမဏေများသည် အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုစ္ဆာနှင့် အဘိဓမ္မာဆိုင်ရာ(၅)ပုစ္ဆာ၊ မေးခွန်းလွှာတစ်ခု၊ ပါဠိဆိုင်ရာ(၅) ပုစ္ဆာနှင့် အထွေထွေဗဟုသုတ(၅)ပုစ္ဆာ၊ မေးခွန်းလွှာတစ်ခုကို တစ်ရက်စီ စုစုပေါင်း နှစ်ရက်ဖြေဆိုရမည်ဖြစ်သည်။

သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလ ဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့်ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က) အတ္ထယောဇနာ၊ (ခ) ဝါကျသဒ္ဒါ၊ (ဂ) အဓိပ္ပာယတ္ထာ၊ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀) ပုစ္ဆာဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန့်ပွားဘာသာအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်ဖြစ်သည်။

**ဆက်သွယ်စုံစမ်းနိုင်**

သာသနာ့တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာများကို ၁၃၈၆ ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၈ ရက် (တနင်္လာနေ့နှင့် အစိုးရရုံးပိတ်ရက်များမှအပ)တွင် စတင်ထုတ်ပေးသွားမည်ဖြစ်ရာ ၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၁၂ ရက် (အင်္ဂါနေ့) နောက်ဆုံးထား၍ သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့၌ တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်(ရန်ကုန်) မော်ကွန်းထိန်းရုံး ဖုန်း - ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈ နှင့် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် (မန္တလေး) မော်ကွန်းထိန်းရုံး ဖုန်း- ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၁၃၁၅၉ ခု စစ်ဆေးပြီးစီး ကိုဗစ် - ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၆ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ အပတ်စဉ် သတင်းထုတ်ပြန်ချက်(၁၄-၁၀-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ (၆-၁၀-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၁၀-၂၀၂၄) ရက်နေ့၊ ည (၈:၀၀) နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၃,၁၅၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၆) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၁၂) ရာခိုင်နှုန်း ဖြစ်ပါသည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ - ၁၀ - ၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၆၀၀ | ၈,၆၀၀ | ၃၇၉ | ၃,၂၅၉,၄၀၀ |
| MTSH | ၃,၃၀၀ | ၃,၄၀၀ | ၂၂၅ | ၇၅၀,၀၀၀ |
| MCB | ၈,၄၀၀ | ၈,၄၀၀ | ၂၄ | ၂၀၁,၆၀၀ |
| FPB | ၁,၉၀၀ | ၁,၉၅၀ | ၃၈၀ | ၇၃၇,၁၅၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၇၅ | ၂၀၂,၅၀၀ |
| EFR | ၁,၆၅၀ | ၁,၇၀၀ | ၈၆၄ | ၁,၄၆၂,၃၀၀ |
| AMATA | ၄,၃၀၀ | ၄,၅၀၀ | ၈၅ | ၃၇၀,၉၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၆၆၅ | ၂,၂၆၁,၀၀၀ |
| MADPL(PLB) | ၃၆,၅၀၀ | ၃၆,၅၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးဝင်းနိုင်
ခေတ္တ စာတည်းမှူး - ဦးအေဝမ်းစိုး
စာတည်းများ - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဦး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

○ ရှေ့ဖုံးမှ

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက် အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ အထောက်အကူပြုများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ



ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီနာယကက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို စတင်ကျင်းပရာ ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာရိုးရာ သံစုံတေးဂီတအဖွဲ့၏ စုပေါင်းတီးခတ်ဖျော်ဖြေမှုဖြင့် တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားရာတွင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များအားလုံး နှလုံးစိတ်ဝမ်းချမ်းမြေ့ကြပါစေ၊ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုကို မြတ်နိုးထိန်းသိမ်းမြှင့်တင်ပြီး မိမိနိုင်ငံ၊ မိမိလူမျိုး၏ ဂုဏ်သိက္ခာမြင့်မားအောင် ကြိုးပမ်း စွမ်းဆောင်နိုင်သူများ ဖြစ်ကြပါစေဟု ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါကြောင်း။

မိမိတို့ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း ပြည်ထောင်စု

စာမျက်နှာ ၄ သို့ ○

# အမျိုးသားယဉ်ကျေးမှုများ အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အမျိုးသားရေးကိုယ်ခံအား တည်ဆောက်ပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများသည် အရေးပါသည့်အခန်းကဏ္ဍမှ အထောက်အကူပြု စွမ်းဆောင်ပေးလျက်ရှိ

○ စာမျက်နှာ ၃ မှ

တိုင်းရင်းသား သွေးချင်းများသည် နှစ်ပေါင်းထောင်ချီ ရှည်လျားသည့် သမိုင်းစဉ် တစ်လျှောက်တွင် စည်းလုံးညီညွတ်စွာ အတူတကွ နေထိုင်လာခဲ့ကြကြောင်း၊ ထို့ပြင် ထုထည်ပမာဏ ကြီးမားခိုင်ခံ့သည့် မြန်မာ့ယဉ်ကျေးမှုအုတ်မြစ်ကြီးများကို စိုက်ထူနိုင်ခဲ့သည့်အပြင် ကမ္ဘာ့အလယ်၌ ထူးခြားလေးနက်သည့် ကိုယ်ပိုင်မြန်မာ့မူဟန်အပြည့်ဖြင့် ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာ ရပ်တည်နိုင်ခဲ့ကြကြောင်း။

ယခုကဲ့သို့ ဂုဏ်ယူဝင့်ကြွားဖွယ် မြန်မာ့ဂုဏ်ရည်များ အစဉ်ထာဝရ ရှင်သန် ပွင့်လန်းနေစေရန်အတွက် တစ်မျိုးသားလုံး ကြိုးပမ်းဆောင်ရွက်နေကြသည့် အမျိုးသားအဆင့် ပွဲတော်များစွာရှိကြောင်း၊ ထိုအထဲမှ ယခုကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အစဉ်အလာမပြတ် ဆင်နွှဲကျင်းပနိုင်ခြင်းသည်လည်း မြန်မာလူမျိုးတို့၏ ဇာတိသွေး၊ ဇာတိမာန်နှင့် အမျိုးသားယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ပေးသည့်ကြိုးပမ်းမှု၊ တစ်နည်းအားဖြင့် အမျိုးသားရေးစိတ်ဓာတ်ကို ပိုမိုတက်ကြွအောင် လှုံ့ဆော်ပေးသည့် ကြိုးပမ်းမှုတစ်ရပ်ဖြစ်သည်ကို ပြောကြားလိုကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို ခမ်းနားသိုက်မြိုက်စွာဖြင့် ပြည်ထောင်စုသား အားလုံး ပူးပေါင်းပါဝင်ပြီး အောင်အောင်မြင်မြင်ဖြင့် ကျင်းပလာခဲ့သည်မှာ ယခုအခါ ငွေရတုမှတ်တိုင်ကို စိုက်ထူနိုင်ခဲ့ပြီဖြစ်ကြောင်း။

အမျိုးသား ယဉ်ကျေးမှုများ အရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် အမျိုးသားရေးကိုယ်ခံအား တည်ဆောက်ပေးလျက်ရှိရာတွင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများသည် အရေးပါသည့် အခန်းကဏ္ဍမှ အထောက်အကူပြု စွမ်းဆောင် ပေးလျက်ရှိသည်ကို ပြောကြားလိုကြောင်း။

၁၉၉၃ ခုနှစ်မှ စတင်ပြီး ယနေ့တိုင် ကျင်းပပြုလုပ်ခဲ့သည့် ပြိုင်ပွဲကြီးများ၏ကျေးဇူးကြောင့် ယင်းအချိန်က ဝါသနာရှင်မျိုးဆက်သစ်လူငယ်များသည် ယခုငွေရတုပြိုင်ပွဲကာလတွင် ပညာရှင်အဆင့် အနုပညာရှင်ကြီးများ အဖြစ် မြင်တွေ့ နေကြရပြီဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ဝါသနာရှင်သွေးချင်းမောင်နှမများကို အနုပညာအမွေလက်ဆင့်ကမ်း ပေးဝေနေကြပြီဖြစ်သဖြင့် အမျိုးသားရေးအတွက် အားရကျေနပ်ဖွယ်ရာ ဖြစ်သည်ကို ပြောကြားလိုကြောင်း။

မိမိတို့ မြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည့် မျိုးနွယ်စုကြီးများ အတူတကွ ပေါင်းစည်းထားသည့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာယဉ်ကျေးမှုဟူ၍ ဘုံသဘောဆောင်သည့် အမျိုးသားရေး စရိုက်လက္ခဏာကို လက်ခံကျင့်သုံးသည့် ပြည်ထောင်စုအဖြစ် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိကြကြောင်း၊ ထို့ကြောင့်လည်း မြန်မာတိုင်းရင်းသားများ၏ သုခုမအနုပညာကို လေ့လာကြည့်မည်ဆိုပါက တူရိယာပစ္စည်းများ မည်သို့ပင် ကွဲပြားခြားနားစေကာမူ “ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်” ဆိုသည့် မြန်မာတို့၏ တူရိယာငါးပါးအခြေခံတွင် တစုတစည်းတည်း တူညီစွာပါဝင်လျက်ရှိနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

အလားတူ တိုင်းရင်းသားအကများနှင့်ပတ်သက်ပြီး ကွဲပြားခြားနားသကဲ့သို့ ရှိသော်လည်း **“စည်းနှင့်ဝါး”**ကို အခြေခံသည့် **“ခေါင်း၊ ခါး၊ ခြေ၊ လက်”** အစရှိသည့် ခန္ဓာကိုယ်အစိတ်အပိုင်းများကို လှုပ်ရှားကပြကြခြင်းသာ ဖြစ်ခြင်းကြောင့် မြန်မာနိုင်ငံသားအားလုံးတို့၏ အကများသည် တူညီသည့် အခြေခံအတွင်း၌ပင် ဆင့်ပွား တည်ရှိနေသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် ယဉ်ကျေးမှုဖလှယ်သည့် အနေဖြင့် ပြည်နယ်အသီးသီး၏ ရိုးရာအကများကို နှစ်စဉ်မဲနှိုက်စေပြီး မဲကျရာ တိုင်းရင်းသားရိုးရာအကကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အနုပညာရှင်များအနေဖြင့် အတူတကွပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ စာမျက်နှာ ၅ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

- **အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများတွင် ယဉ်ကျေးမှုဖလှယ်သည့်အနေဖြင့် ပြည်နယ်အသီးသီး၏ ရိုးရာအကများကို နှစ်စဉ်မဲနှိုက်စေပြီး မဲကျရာ တိုင်းရင်းသားရိုးရာအကကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အနုပညာရှင်များအနေဖြင့် အတူတကွပူးပေါင်းပါဝင် ယှဉ်ပြိုင်ကြသည်ကို တွေ့မြင်ကြရမည်**
- **ထိုသို့ဖလှယ်ကြခြင်းအားဖြင့် တစ်ဦး၏ ယဉ်ကျေးမှုကို တစ်ဦးက သိရှိနားလည်လာပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားစေရုံသာမက တိုင်းရင်းသားရိုးရာ အနုပညာရပ်များ ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေးအတွက်လည်း များစွာအထောက်အကူ ပြုနိုင်လိမ့်မည်ဟု ယုံကြည်**

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

---

၂၀၂၄ ခုနှစ်၊ ကမ္ဘာ့စားနပ်ရိက္ခာနေ့

WORLD FOOD DAY 2024

**"ပိုမိုကောင်းမွန်သည့်ဘဝနှင့် အနာဂတ်ရရှိရေး လူသားတိုင်း စားရေရိက္ခာ ပြည့်မီအောင် ဖြည့်ဆည်းပေး"**

**"Right to Foods for a Better Life and a Better Future"**

**အောက်တိုဘာလ (၁၆) ရက်**

---

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၄**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

---

○ စာမျက်နှာ ၄ မှ

ထိုသို့ဖလှယ်ကြခြင်း အားဖြင့် တစ်ဦး၏ ယဉ်ကျေးမှုကိုတစ်ဦးက သိရှိနားလည်လာပြီး တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးပွားစေရုံသာမက တိုင်းရင်းသားရိုးရာ အနုပညာရပ်များ ဖော်ထုတ်ထိန်းသိမ်း မြှင့်တင်နိုင်ရေးအတွက်လည်း များစွာ အထောက်အကူပြုနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း။

**တင်ဆက်ပြသ**

ထို့အပြင် ယခုနှစ်ငွေရတုပြိုင်ပွဲကြီး၏ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားများ၏ ရိုးရာတူရိယာများနှင့် စုပေါင်းတီးခတ်ထားသည့် တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြခြင်းအပြင် ထူးခြားသော ဝိသေသဖြစ်သည့် ပြည်နယ်များ၏ တိုင်းရင်းသားရိုးရာ တေးဂီတများနှင့် ဂုဏ်ပြုဖျော်ဖြေနိုင်ခြင်းသည်လည်း ပြည်ထောင်စုဖွား မြန်မာ တိုင်းရင်းသားအားလုံး၏ ရိုးရာ အနုပညာအမွေအနှစ် တန်ဖိုးများကို ဖော်ထုတ်ပြသနိုင်ရုံသာမကဘဲ သွေးစည်းညီညွတ်မှုကိုပါ အနုပညာဖြင့် သက်သေပြု တင်ဆက်ပြသခြင်းပင်ဖြစ်ကြောင်း။

ခေတ်အဆက်ဆက် ထွန်းကားလာခဲ့သည့် မြန်မာ့ယဉ်ကျေးမှု




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြည်ထောင်စုဖွားတိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာ ရိုးရာသံစုံတေးဂီတအဖွဲ့မှ တိုင်းရင်းသားဂီတပညာရှင်များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်စဉ်။

အနုပညာရပ်များသည် မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ခဲ့ရပြီးနောက် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်ချုပ်ချယ်မှုများကို ခံခဲ့ရကြောင်း၊ သို့သော် မြန်မာအနုပညာရှင်များ အနေဖြင့် ကိုလိုနီနယ်ချဲ့များ၏ ဖိနှိပ်မှုများကို ကြံ့ကြံ့ခံ တွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ် အပြည့်ဖြင့် ကြိုးပမ်းထိန်းသိမ်းလာခဲ့ကြသည့်အတွက် ယနေ့အထိ မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာရပ်များသည်မြန်မာ့ရိုးရာ သွင်ပြင်ဟန်ပန်အတိုင်း ရှေးမူမပျက် ဆက်လက်ဖြစ်ထွန်းနေသည်ကို ဂုဏ်ယူဝင့်ကြွားဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ရဟန်းစာဆိုများ အပါအဝင် လူပညာရှိ၊ ရဟန်းပညာရှိများသည် မြတ်ဗုဒ္ဓ၏ ဖြစ်တော်စဉ်များဖြစ်သည့် (၅၅၀) နိပါတ်တော်နှင့် ဇာတ်ကြီးဆယ်ဘွဲ့တို့ကို ပုံပြင်လိုတစ်မျိုး၊ ပျို့ကဗျာလင်္ကာစာပေလိုတစ်နည်း၊ စာဟောကွက်စိပ်ဇာတ်သဘင်လိုတစ်ဖုံ၊ နည်းလမ်းမျိုးစုံဖြင့်ဖန်တီးဖွဲ့ဆိုပြီး အရွယ်သုံးပါးစလုံးအတွက် လိုက်ဖက်သည့်နည်းလမ်း ရွေးချယ်ခံစားနိုင်စေရန် စီမံထားရစ်ခဲ့ကြကြောင်း။

**○ ယခုနှစ် ငွေရတုပြိုင်ပွဲကြီး၏ ဖွင့်ပွဲအခမ်းအနားတွင် တိုင်းရင်းသားများ၏ ရိုးရာတူရိယာများနှင့် စုပေါင်းတီးခတ်ထားသည့် တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ကြခြင်းအပြင် ထူးခြားသော ဝိသေသဖြစ်သည့် ပြည်နယ်များ၏ တိုင်းရင်းသားရိုးရာတေးဂီတများနှင့် ဂုဏ်ပြုဖျော်ဖြေနိုင်ခြင်းသည်လည်း ပြည်ထောင်စုဖွား မြန်မာ တိုင်းရင်းသားအားလုံး၏ ရိုးရာအနုပညာအမွေအနှစ် တန်ဖိုးများကို ဖော်ထုတ်ပြသနိုင်ရုံသာမကဘဲ သွေးစည်းညီညွတ်မှုကိုပါ အနုပညာဖြင့် သက်သေပြု တင်ဆက်ပြသခြင်းပင်ဖြစ်**

ယခုနှစ်ပြိုင်ပွဲ၏ မဟာဇနက ဇာတ်တော်ကြီး ကပြတင်ဆက်မှုများတွင် **"မဟာဇနက"** ဇာတ်တော်ကြီးမှ ပေးလာသည့် သင်ခန်းစာဖြစ်သည့် ယောကျ်ားကောင်း၊ ယောကျ်ားမြတ်တို့၏ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် မြင့်မားခိုင်ကျည်သည့် စိတ်ဓာတ်တို့ဖြင့် မှန်ကန်စွာအားထုတ် ကြိုးပမ်းမည်ဆိုပါက မည်သို့ပင် အခက်အခဲ အဟန့်အတားများ ကြုံတွေ့ရပါစေ၊ ကျော်လွှားအောင်နိုင်ပြီး မိမိတို့ မျှော်မှန်းသည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိရစမြဲဖြစ်သည်ဆိုသည့် သင်ခန်းစာကို ပိုင်ပိုင်နိုင်နိုင် သရုပ်ဖော်သွားနိုင်ကြလိမ့်မည်ဟု ယုံကြည်ကြောင်း။

အလားတူ ပညာရှင်အဆင့် ရုပ်သေးပြိုင်ပွဲ၌ ကပြယှဉ်ပြိုင်မည့် **"ဝေဿန္တရာ"** ဇာတ်တော်ကြီးတွင်လည်း ပရမတ္ထပါရမီ၏ သဘောသဘာဝဖြစ်သည့် ပါရမီဖြည့်ဖက် ပုဂ္ဂိုလ်မြတ်တို့၏ ကျင့်ကြံပွားများရသည့် သီလကုသိုလ်အကျိုးနှင့် ဓမ္မနှင့်အဓမ္မအားပြိုင်မှုတို့ကို ပေါ်လွင်အောင်ညွှန်းဖွဲ့တင်ဆက် နိုင်ကြလိမ့်မည်ဟုလည်း မျှော်လင့်ကြောင်း။

**တိုက်တွန်းပြောကြား**

အနုပညာရှင်များ အားလုံးကို မေတ္တာရပ်ခံ မှာကြားလိုသည်မှာ နှစ်ပေါင်းထောင်ချီ ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေး စရိုက်လက္ခဏာများ တင့်တင့်တယ်တယ် ဆက်လက်ရှင်သန် ဖြစ်ထွန်းနေစေရေး အနုပညာစွမ်းပကားနှင့် စွမ်းဆောင်ပေးကြရန်၊ မြန်မာလူမျိုးတို့၏သမိုင်းကြောင်း ခိုင်မာနက်ရှိုင်းမှုနှင့် ယဉ်ကျေးမှုအဆင့်အတန်း ဝင့်ထည်မြင့်မားမှုတို့ကို ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲနေအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန်၊ မျိုးဆက်သစ် လူငယ်များကို အမျိုးသားရေး စိတ်ဓာတ်ကိုယ်ခံအား ပြည့်ဝခိုင်မာအောင် အနုပညာစွမ်းပကားဖြင့် စွမ်းဆောင်ပေးကြရန် တိုက်တွန်းပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က ပြိုင်ပွဲကျင်းပရန် စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် အကဲဖြတ်ပညာရှင်များကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

**ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့သည် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ပြည်ထောင်စုဖွား တိုင်းရင်းသားတို့၏ တိုင်းရင်းသားတူရိယာ ရိုးရာသံစုံတေးဂီတအဖွဲ့မှ တိုင်းရင်းသားဂီတပညာရှင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေး စိတ်ဓာတ်များ ပိုမိုထွန်းကား ပြန့်ပွားနေစေရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသား ယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်း ပါဝင်ဆောင်ရွက်ရေး စသည့် ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ စတင်ကျင်းပ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၄**

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှ စတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာ အသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ယနေ့တွင် "မဟာဂီတ" တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) Signing Room ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ဆီးနှင်းပြိုက်ကျ(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက ခွာပြာသင်း(ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

"ကာလပေါ်"တေးသီချင်းအဆိုပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) Banquet Hall ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ပန်းစုံတဲ့တော သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက မြန်မာ့ဂီတ လှပဝေဆာသီချင်းဖြင့် လည်းကောင်း ယှဉ်ပြိုင်ကြသည်။

အကပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း ကကြိုးကကွက် စုံလင်စွာဖြင့် ယှဉ်ပြိုင်ကြသည်။

အရေးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာရိုးရာအမွေ အလှတိုးဖြာစေ" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂီတဖြင့် ပြည်အလှဆင်မည်"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထံတျာတေအစ မဟာဂီတ"ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲ ဝင်များက "လူငယ်အားမာန် အမြဲရှင်သန် နိုင်ငံပြည်ကျိုး ဆောင်သယ်ပိုး" ခေါင်းစဉ်ဖြင့် လည်းကောင်း ရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ ယှဉ်ပြိုင်ကြသည်။

စန္ဒရားအတီးပြိုင်ပွဲကို မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း ဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်း ဒေသကြီးတို့မှ ပြိုင်ပွဲ ဝင်များက မင်္ဂလာသီရိမြေ မြတ်စွာ(ဘွဲ့)သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသား ပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက တောမြိုင်ခြေလမ်း(ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသမီး ပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက ယမုန်နာ (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။

စောင်း အတီးပြိုင်ပွဲကို အမျိုးသားပြတိုက်(နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ပန်းဟေဝန်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှန်းရွှန်းမြ" (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှိုင်းရိပ်ကယ်တည့်"(ကြိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထောင်ရောင်နေ" (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီး ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဇမ္ဗူကျွန်းလုံး" (သီချင်းခံ) သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

ဒိုးပတ်အတီးပြိုင်ပွဲကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း) ပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များ က လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) ပြိုင်ပွဲတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြူးကြွမြိုင်ဆိုင်စွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

စာမျက်နှာ ၇ သို့ »»




ဒိုးပတ်အတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)ပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။




စောင်းအတီးပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)အမျိုးသမီး ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

# နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့ ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ



ရန်ကုန် အောက်တိုဘာ ၁၄

နိုင်ငံတော်သံဃမဟာနယကအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့ မင်းကျောင်း ပထမပြန်စာသင်တိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီး ကိုးပါး၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးညွှန့်အောင်နှင့် ဗုဒ္ဓဘာသာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နင်းဘိုမြို့တွင် အောက်တိုဘာ ၁၅ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်မည့် ၂၀၂၄ ခုနှစ် ဆဋ္ဌမအကြိမ် ကမ္ဘာ့ဗုဒ္ဓဘာသာဖိုရမ်သို့တက်ရောက်ရန် ယနေ့မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားကြသည်။

သတင်းစဉ်

»»» **စာမျက်နှာ ၆ မှ**

**ဆိုင်းအဖွဲ့လိုက် အတီးပြိုင်ပွဲကို** အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ **အဆင့်မြင့် ပညာအဆင့် အမျိုးသမီးပြိုင်ပွဲ**တွင် မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲ**တွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီ တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင်တီးခတ်ယှဉ်ပြိုင်ကြသည်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ရုပ်စုံသဘင် အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် မွန်ပြည်နယ်ကိုယ်စားပြု အောင်နန်းစိုး ရုပ်စုံသဘင်အဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီး ပြိုင်ပွဲကို** နေပြည်တော် စည်ပင်သာယာရေးကော်မတီ လဟာပြင်ဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မဟာဧရာဇာတ်တော်ကြီးအဖွဲ့က မူရင်းဇာတ်တော်ကြီး၏တီးလုံးတီးချက်များကို မြန်မာ့ဇာတ်သဘင်၏ 



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မဟာဧရာဇာတ်တော်ကြီးအဖွဲ့ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ဆိုင်ပြောပြပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက်ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ သဘင်ကိုချစ်မြတ်နိုးကြသည့် မိဘပြည်သူများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူများ၊ မိဘများက ပြိုင်ပွဲနေရာ အသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို မြို့နယ်အဆင့်၊ ခရိုင်အဆင့်၊ တိုင်းဒေသကြီး/ပြည်နယ် အဆင့်၊ ဗဟိုအဆင့်ဟူ၍ အဆင့်ဆင့်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၂၅၈၄ ဦး ပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ကာ အကဲဖြတ်ပညာရှင် ဦးရေ ၁၈၀ ဖြင့် စနစ်တကျ စိစစ်အကဲဖြတ် အမှတ်ပေးသွားကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## (၆) ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

အုရုမ်ချီ အောက်တိုဘာ ၁၄

(၆)ကြိမ်မြောက် ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံ (The 6th World Media Summit – WMS) ကို ယနေ့နံနက်ပိုင်းက တရုတ်နိုင်ငံ ရှင်းကျန်းဝီဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အုရုမ်ချီမြို့ Xinjiang International Convention & Exhibition Center ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနမှ မြန်မာကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်သည်။ ကမ္ဘာ့မီဒီယာထိပ်သီးညီလာခံကို ၂၀၀၉ ခုနှစ်မှ စတင်ကာ Xinhua News Agency၊ Associated Press၊ Reuters၊ TASS၊ Kyodo News တို့က ဦးဆောင်၍ နိုင်ငံတကာမှ ထင်ပေါ်ကျော်ကြားသော မီဒီယာအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ အဆင့်မြင့်ကမ္ဘာ့မီဒီယာ ပူးပေါင်းဆောင်ရွက်နိုင်ရန် စင်မြင့်တစ်ခုအနေဖြင့် နှစ်စဉ်ကျင်းပခြင်းဖြစ်သည်။




အစည်းအဝေးသို့ နိုင်ငံပေါင်း ၁၀၆ နိုင်ငံမှ မီဒီယာအဖွဲ့များ၊ အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများမှ ကိုယ်စားလှယ် ၅၀၀ ကျော်၊ ကုလသမဂ္ဂ အေဂျင်စီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ ပါဝင်တက်ရောက်ကြသည်။

ယခုနှစ် ညီလာခံ ဆောင်ပုဒ်ကို " AI နည်းပညာနှင့် ပြောင်းလဲလာသည့် မီဒီယာဖွံ့ဖြိုးတိုးတက်မှု " (Artificial Intelligence and Media Transformation) ခေါင်းစဉ်ဖြင့် သတ်မှတ်ကျင်းပသည်။

ဆွေးနွေးပွဲတွင် တိုးတက်ပြောင်းလဲမှုဖြစ်စဉ်–ဉာဏ်ရည်တုအသုံးပြု၍ သတင်းထုတ်ပြန်ခြင်း (Development and Change : the Use of AI in Media Development)၊ နည်းဥပဒေနှင့် တာဝန်များ–ဉာဏ်ရည်တုခေတ်တွင် ထားရှိရမည့် သတင်းသမားကျင့်ဝတ် ( Rules and Responsibilities : Journalistic Ethics in the AI Age)၊ အဖြစ်မှန်နှင့် အမှန်တရား–ဒစ်ဂျစ်တယ်ခေတ်တွင် မီဒီယာ၏ ဘုံတာဝန် (Fact and Truth : the Common Mission of Media in the Digital Age) ဆိုင်ရာများကို ဆွေးနွေးကြသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုနှင့် သဘောတူညီမှု – ပိုးလမ်းမကြီးတစ်လျှောက် ပြည်သူမှ ပြည်သူသို့ သတင်းဖလှယ်ရေး – Cooperation and Consensus : People – to – People Exchangs along the Belt & Road ၊ နှစ်ဦးနှစ်ဖက် အကျိုးများစေမည့် အခွင့်အလမ်းများ၊ နိုင်ငံအချင်းချင်း အစိုးရအချင်းချင်း ပွင့်လင်းမြင်သာမှု အရည်အသွေး ဖွံ့ဖြိုးတိုးတက်ရေး Opportunities and Win – Win : High Level Opening – up and High – Quality Development in Xianjiang တို့ကို ဆွေးနွေးခဲ့ကြသည်။

၎င်းထိပ်သီးအစည်းအဝေးသည် ကမ္ဘာလုံးဆိုင်ရာ မီဒီယာများကြား အပြန်အလှန်ဖလှယ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုနက်ရှိုင်းစေမည်ဖြစ်ပြီး ၎င်းတို့အတွက် AI ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အောင်မြင်မှုများကို နိုင်ငံများအကြား မျှဝေရာတွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း၊ လူသားမျိုးနွယ်အတွက် အနာဂတ်ကိုမျှဝေပေးခြင်းနှင့်အတူ အသိုက်အဝန်းတစ်ခုတည်ဆောက်ရေးကို တိုးတက်လာစေရန်နှင့် ကမ္ဘာကြီးကို ပိုမိုကောင်းမွန်သောနေရာတစ်ခုဖြစ်စေရန်အတွက် အထောက်အကူဖြစ်စေရန်အတွက် မီဒီယာများ၏ စုပေါင်းအင်အားကို အသုံးပြုရမည်ဖြစ်ကြောင်း၊ World Media Summit သည် ကမ္ဘာလုံးဆိုင်ရာ မီဒီယာကဏ္ဍတွင် အဆင့်မြင့်ဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုအတွက် အရေးကြီးသော platform တစ်ခုဖြစ်ကြောင်း ဆွေးနွေးခဲ့ကြသည်။

သတင်းစဉ်

### ဘင်္ဂလားပင်လယ်အော် အခြေအနေ

နေပြည်တော် အောက်တိုဘာ ၁၄

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်–အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၁၅ ရက်တွင် ပိုမိုအားကောင်းလာနိုင်ကာ အားကောင်းသောလေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်တွင် အနောက်–အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးလ်နာဒူးလ်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဘင်္ဂလားပင်လယ်အော်အရှေ့မြောက်ပိုင်းတွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေကာ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

မိုး/ဇလ

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ မြင်ကွင်း




အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး မဟာဂီတတေးသီချင်းအဆိုပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ မဇော်မဆီး ယှဉ်ပြိုင်စဉ်။



ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "မဟာဇနက" ဇာတ်တော်ကြီးဖြင့် ဧရာဝတီတိုင်းဒေသကြီး ကိုယ်စားပြု မဟာဧရာဇာတ်တော်ကြီးအဖွဲ့က ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည့် ပရိသတ်များကို တွေ့ရစဉ်။




ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း) ပြိုင်ပွဲတွင် "ဝေဿန္တရာ" ဇာတ်တော်ကြီးဖြင့် မွန်ပြည်နယ်ကိုယ်စားပြု အောင်နန်းစိုး ရုပ်စုံသဘင်အဖွဲ့ ယှဉ်ပြိုင်စဉ်။




သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ အရေးပြိုင်ပွဲ ကျင်းပစဉ်။



အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ မခြူးဝေစည်စိုး ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)အမျိုးသမီး အကပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မဆုလှဲ့ရတီအောင် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသား စောင်းအတီးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ဗဟိုအဆင့်)ပြိုင်ပွဲ မြင်ကွင်း



ဝါသနာရှင်အဆင့်(ပထမတန်း) စောင်းအတီးပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်တစ်ဦး ယှဉ်ပြိုင်စဉ်။




ဝါသနာရှင်အဆင့်(ပထမတန်း) ဒိုးပတ်အတီးပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီးမှ ယှဉ်ပြိုင်စဉ်။




အဆင့်မြင့်ပညာအဆင့်(အမျိုးသား)ဆိုင်းအဖွဲ့လိုက်အတီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ယှဉ်ပြိုင်စဉ်။



ခေတ်ဟောင်း၊ ကာလပေါ် ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ဦးမောင်ထွန်းထွန်း ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး မဟာဂီတတေးသီချင်းအဆိုပြိုင်ပွဲတွင် မွန်ပြည်နယ်မှ မသုသုသံသာအောင် ယှဉ်ပြိုင်စဉ်။



အဆင့်မြင့်ပညာအဆင့် စောင်းအတီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မမေသန်းစိန် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီး အကပြိုင်ပွဲတွင် ရခိုင်ပြည်နယ်မှ မငွေဇင်ကြယ် ယှဉ်ပြိုင်စဉ်။






ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့်(ပထမတန်း)ပြိုင်ပွဲတွင် "မဟာဇနက"ဇာတ်တော်ကြီးဖြင့် ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြု မဟာရောဇာတ်တော်ကြီးအဖွဲ့က ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည့် ပရိသတ်များကို တွေ့ရစဉ်။

# နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍကနေ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်

**ဒေါက်တာထင်လင်းအောင်(အုပ်ချုပ်သူ၊ ရောဝတီတိုင်းဒေသကြီး)**

တွေ့ဆုံမေးမြန်း
အောင်ရဲသွင်၊ အေးအေးသန့်
ဓာတ်ပုံ - အေအေတီ

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာဖြင့် ကျင်းပလျက်ရှိရာ အဆိုပါပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ပညာရှင်များနှင့် တွေ့ဆုံ၍ ၎င်းတို့၏ ရင်တွင်းခံစားချက်များကို ဖော်ထုတ်ရေးသားတင်ပြလိုက်ပါသည်-


ဦးညွန့်ဝင်း


မြင့်မူမောင်နိုင်မိုး


ဒေါက်တာထင်လင်းအောင်


တက္ကသိုလ်လဲ့လဲ့


ဦးမင်းဟန်ဝင်းအောင်


မဆုရတနာ

**ဦးညွန့်ဝင်း**

**(ညွှန်ကြားရေးမှူးချုပ်၊ အနုပညာဦးစီးဌာန)**

ဒီနှစ်ကတော့ ထူးထူးခြားခြား (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပခြင်းဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးကို ဦးတည်ချက် (၄)ရပ်နဲ့ ကျင်းပခြင်း ဖြစ်ပါတယ်။ ငွေရတုအထိမ်းအမှတ်ဖြစ်တဲ့အတွက် ဖွင့်ပွဲအခမ်းအနားနဲ့ ပြိုင်ပွဲတွေမှာရော ယခင်နှစ်များနဲ့မတူဘဲ တစ်မူထူးခြားဖို့ လမ်းညွှန်ချက်ရှိပါတယ်။ ဖွင့်ပွဲအခမ်းအနားကို အပိုင်းနှစ်ပိုင်းနဲ့ ကျင်းပခဲ့တာဖြစ်ပါတယ်။ ခန်းမထဲ အဝင်လျှောက်လမ်းမှာ အမျိုးသားယဉ်ကျေးမှုနဲ့ အနုပညာတက္ကသိုလ်နှစ်ခု ပူးပေါင်းပြီး ပျူခေတ်၊ ပုဂံခေတ်၊ အင်းဝခေတ်ဆိုပြီး ခေတ်သုံးခေတ်ကို ကိုယ်စားပြုတဲ့အကနဲ့ ကြိုဆိုခဲ့ပါတယ်။ ဒီနှစ်မှာတော့ ထူးထူးခြားခြားအနေနဲ့ တိုင်းရင်းသားရှစ်မျိုးရဲ့ ရိုးရာတူရိယာ ၄၃ မျိုးနဲ့ သံစုံတီးဝိုင်းတီးပြီး ဖွင့်ပွဲအခမ်းအနားကို စတင်ခဲ့တာဖြစ်ပါတယ်။ ပြိုင်ပွဲကာလမှာလည်း တိုင်းရင်းသားတွေရဲ့ ကိုယ်ပိုင်ရိုးရာတူရိယာ တီးခတ်မှုပြိုင်ပွဲကို ကျင်းပမှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးကို ၁၉၉၃ ခုနှစ်က ရည်ရွယ်ချက် ကြီးကြီးမားမား အနှစ်သာရပြည့်ပြည့်ဝဝ စတင်ကျင်းပခဲ့တဲ့ အကျိုးကျေးဇူးရဲ့ အသီးအပွင့်တွေကို အများကြီး ခံစားခဲ့ရပြီးဖြစ်ပါတယ်။ လွန်ခဲ့တဲ့ ၂၅ နှစ်က ယှဉ်ပြိုင်ခဲ့တဲ့ ပြိုင်ပွဲဝင်တွေက အခုဆိုရင် အနုပညာလမ်းကြောင်းပေါ်ကို ပညာရှင်အဆင့်တွေနဲ့ ရပ်တည်နေတာကို တွေ့ရပါတယ်။ ဒါဟာထင်သာမြင်သာရှိတဲ့ အသီးအပွင့်တွေကို ရရှိခဲ့တာဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို မျိုးဆက်သစ်လူငယ်တွေက ပိုပြီးလက်တွေ့ သိမြင်ခံစားနေရပြီဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုဟာ ကိုယ်ပိုင်ယဉ်ကျေးမှုဖြစ်တယ်၊ ကိုယ်ပိုင်ဟန်ရှိတယ်ဆိုတာကို လူငယ်တွေ မျက်မြင်တွေ့ရပြီဖြစ်တဲ့အတွက် ဆက်လက်ထိန်းသိမ်းကြပါလို့ တိုက်တွန်းပါတယ်။

**မြင့်မူမောင်နိုင်မိုး**

**(အကဲဖြတ်ပညာရှင်၊ ကွက်စိပ်၊ အရေးဘာသာရပ်)**

ကျွန်တော်တို့အနေနဲ့ ပြိုင်ပွဲဝင်တွေ ယှဉ်ပြိုင်နိုင်ဖို့အတွက် ခေတ်ကာလရဲ့အခြေအနေနဲ့ လိုအပ်ချက်အပေါ်မူတည်ပြီး သင့်လျော်တဲ့ ဓာတ်တော်တွေ ထဲကနေ ထုတ်နုတ်ပြီး ရွေးချယ်ပေးရပါတယ်။ ကွက်စိပ်မှာတော့ တိုင်းဒေသကြီးနဲ့ ပြည်နယ်ရှစ်ခုလောက်က ပြိုင်ပွဲဝင်တွေ ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး အရေးမှာတော့ ပြိုင်ပွဲဝင်အရေအတွက် ၃၀ ဝန်းကျင်ရှိပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ကျင်းပလာခဲ့တာ ဒီနှစ်ဆို သုံးနှစ်ဆက်တိုက်ရှိပါပြီ။ အခုပြိုင်ပွဲကြီးကို တိုင်းရင်းသားတွေ အများကြီးလာကြတယ်။ အနယ်နယ်အရပ်ရပ်က လူငယ်တွေ ယှဉ်ပြိုင်ကြတယ်။ ဒီလူငယ်တွေဟာ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာကို ချစ်မြတ်နိုးပြီး အမျိုးသားရေးစိတ်ဓာတ်ထက်သန်စွာနဲ့ ကိုယ့်အမွေအနှစ်ကို ထိန်းသိမ်းချင်တဲ့ အတွေးအမြင်တွေရှိတဲ့ လူငယ်တွေဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေအနေနဲ့ မိမိသိရှိထားတဲ့ အတွေးအမြင်တွေကို ကျန်တဲ့လူငယ်တွေကို ပြန်လည်ဖြန့်ဝေပေးမယ်ဆိုရင် အမျိုးချစ်တဲ့စိတ်၊ ဘာသာသာသနာချစ်တဲ့စိတ်နဲ့ ယဉ်ကျေးမှုကိုချစ်တဲ့စိတ်တွေ တိုးပွားလာမယ်လို့ မျှော်လင့်ပါတယ်။

**ဒေါက်တာထင်လင်းအောင်**

**(အုပ်ချုပ်သူ၊ ရောဝတီတိုင်းဒေသကြီး)**

ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ အခု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ဖို့ ပြိုင်ပွဲဝင် ၂၆၄ ဦးပါဝင်ပြီး ပြိုင်ပွဲအမျိုးအစားအကုန်လုံးနီးပါးကို ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဆုတွေရရှိဖို့ကိုလည်း မျှော်မှန်းထားပါတယ်။ ဆုရရှိဖို့အတွက်လည်း အခုဗဟိုအဆင့်ဝင်မပြိုင်ခင်မှာ ကလေးတွေကို အရည်အသွေးတွေ ပြည့်မီအောင် ဝါရင့်ပညာရှင်ကြီးတွေရဲ့ရှေ့မှာ ထပ်ပြီး အရည်အချင်းစစ်ပြိုင်ပွဲတွေ ထပ်လုပ်ပေးပါတယ်။ သူတို့တွေ ပြိုင်ပွဲအပေါ်မှာ ယုံကြည်မှုတွေ ရှိလာအောင် လေ့ကျင့်ပြင်ဆင်ပေးခဲ့ပါတယ်။ ဒီနှစ်က ငွေရတုအထိမ်းအမှတ်လည်းဖြစ်တော့ အရင်နှစ်နဲ့ မတူအောင် တစ်မူထူးထူးခြားခြားနဲ့ ပြင်ဆင်ထားတဲ့ အပိုင်းတွေလည်းရှိပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်မှာ ပြိုင်ပွဲကြီးကို ကျင်းပလာတာ ဒီနှစ်နဲ့ဆို သုံးနှစ်ဆက်တိုက်ရှိပါပြီ။ အခုလို ပြိုင်ပွဲတွေကို ကျင်းပပေးတဲ့အတွက် နိုင်ငံသားတစ်ယောက်အနေနဲ့ အလွန်ကိုဂုဏ်ယူမိပါတယ်။ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကိုလည်း ထိန်းသိမ်းစောင့်ရှောက်ရာရောက်တဲ့ ဒီပွဲကြီးကို ကျင်းပပေးတဲ့ နိုင်ငံတော် အစိုးရကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါတယ်။ နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ ကိုယ်ပိုင်ယဉ်ကျေးမှုတွေရှိကြပါတယ်။ ရိုးရာယဉ်ကျေးမှု မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပေးတဲ့အတွက် ဝမ်းသာမိပါတယ်။ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်တွေမှာ အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍကနေ တစ်တပ်တစ်အားပါဝင်နိုင်ဖို့အတွက် ကျွန်တော်တို့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေ ပူးပေါင်းပါဝင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

**တက္ကသိုလ်လဲ့လဲ့**

**(အကဲဖြတ်ပညာရှင်၊ အဆိုဘာသာရပ်)**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး ဘာသာရပ်ရဲ့ အကဲဖြတ်ဒိုင်အဖြစ် ပါဝင်မှာ ဖြစ်ပါတယ်။ ငွေရတု၊ ရွှေရတုဆိုတာ သက်တမ်းအရလည်း မီရမယ်၊ ပွဲတော်ကြီးကိုလည်း အစဉ်မပျက် ကျင်းပနိုင်ရမယ်။ အားလုံးကလည်း စိတ်ပါဝင်စားစွာနဲ့ ကိုယ့်ရဲ့ ရိုးရာအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး နှစ်ပေါင်းများစွာ ကျင်းပခဲ့တာ ဖြစ်ပါတယ်။ နိုင်ငံတော်အတွက်လည်း ထူးခြားတဲ့ပွဲကြီးတစ်ပွဲဖြစ်ပါတယ်။ ဒိုင်လူကြီးတွေကလည်း သက်ရှည်ကျန်းမာစွာနဲ့ ပွဲတော်ကြီးမှာ ဆုံတွေ့ရတာဟာ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါတယ်။ ကိုယ့်တိုင်းပြည်အတွက်လည်း များစွာ ဂုဏ်ယူရပါတယ်။ ဒီနှစ်မှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံးက အထူးကြိုးစားလာကြတာတွေ့ရပါတယ်။ ရွေးချယ်ရမယ့် ဒိုင်လူကြီးတွေအတွက် အခက်အခဲဖြစ်မယ့်နှစ် ဖြစ်မယ်ထင်ပါတယ်။ ဒီပြိုင်ပွဲကြီး အောင်မြင်အောင် တစ်ဖက်တစ်လမ်းက ပါဝင်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူဖြစ်မိပါတယ်။

**ဦးမင်းဟန်ဝင်းအောင်**

**(ဖျော်ဖြေရေး၊ မွန်ပြည်နယ်)**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးဖွင့်ပွဲမှာ မွန်တိုင်းရင်းသားတို့ရဲ့ ရှေးရိုးရာဂီတတူရိယာ ငါးမျိုးနဲ့ သံစုံတီးဝိုင်းမှာ ပါဝင်တီးခတ်ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ ဒီသံစုံတီးဝိုင်းမှာ မွန်ပြည်နယ်က ငါးဦး၊ အခြားတိုင်းရင်းသား ခုနစ်မျိုးနဲ့အတူ တူရိယာ ၄၃ မျိုးနဲ့ ပါဝင်တီးခတ်ဖျော်ဖြေသွားမှာ ဖြစ်ပါတယ်။ လူမျိုးတစ်ခုချင်းစီရဲ့ သီချင်း၊ တူရိယာနဲ့ သံစဉ်တွေအလိုက် တီးခတ်ဖျော်ဖြေကြမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားအားလုံးစုပေါင်းပြီးတော့ တီးခတ်ဖျော်ဖြေရတာဟာ ကျွန်တော့်ဘဝမှာရော၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတစ်လျှောက်လုံးမှာရော တိုင်းရင်းသားတို့ရဲ့ တေးဂီတရာဇဝင်မှာ တစ်ခါမှ တင်ဆက်ခဲ့ခြင်းမရှိခဲ့ပါဘူး။ အခု (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်ပွဲမှာ နိုင်ငံတော်အကြီးအကဲရဲ့ လမ်းညွှန်ချက်နဲ့အတူ တိုင်းရင်းသားဂီတတွေကို တင်ဆက်ခွင့်ရတဲ့အတွက် များစွာဝမ်းသာဂုဏ်ယူမိပါတယ်လို့ ပြောချင်ပါတယ်။

**မဆုရတနာ**

**(အကပြိုင်ပွဲဝင်၊ ရန်ကုန်တိုင်းဒေသကြီး)**

ကျွန်မက ငွေရတုအထိမ်းအမှတ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ အကပြိုင်ပွဲနဲ့ ဆိုင်းအဖွဲ့လိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။ အခု အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း အမျိုးသမီး အကပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ ကြိုးစားခဲ့သမျှအားလုံးကို အကောင်းဆုံးချပြယှဉ်ပြိုင်နိုင်ခဲ့လို့ ကျေနပ်အားရမှုရှိပါတယ်။ ဒီပြိုင်ပွဲအတွက် ဆရာ၊ မိဘနဲ့ သူငယ်ချင်းတွေက ပံ့ပိုးပေးထားလို့ ရွှေတံဆိပ်ဆုကို မျှော်မှန်းထားပါတယ်။ မနှစ်ကတော့ အဖွဲ့လိုက်ဆိုင်းဝိုင်းအဖွဲ့မှာ ငွေတံဆိပ်ဆု ရရှိခဲ့ပါတယ်။ အကပြိုင်ပွဲကိုတော့ အခုနှစ်မှ ပါဝင်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ကိုယ့်မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်ရတာဟာ အများကြီး ဂုဏ်ယူဖို့ကောင်းပါတယ်။ မောင်လေး၊ ညီမလေးတွေကလည်း မြန်မာ့ရိုးရာကို ချစ်မြတ်နိုးပြီး ဆက်လက်ထိန်းသိမ်းကြပါလို့ ပြောချင်ပါတယ်။ ကိုယ့်ဘဝရဲ့ တက်လမ်းတွေလည်း ဖန်တီးပေးနိုင်တဲ့အတွက် ဒီပြိုင်ပွဲကြီးကို ပါဝင်ယှဉ်ပြိုင်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ငွေရတုအထိမ်းအမှတ် ထူးထူးခြားခြား တိုင်းရင်းသားရိုးရာ ဂီတပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပတဲ့အတွက် ဗဟုသုတလည်း ရရှိစေတဲ့အပြင် တိုင်းရင်းသားရိုးရာဂီတတွေကို ပိုပြီးချစ်မြတ်နိုးရမယ်ဆိုတာ သိလာရပါတယ်။ စီစဉ်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးအများကြီးတင်ပါတယ်လို့ ပြောချင်ပါတယ်။

---

✣ ကျောဖုံးမှ

၃၀၊ ၅၇၊ ၆၉၊ ၇၂ မိနစ်တွင် သွင်းယူခဲ့ခြင်းဖြစ်သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို လေးဂိုးသွင်းယူခဲ့သည့် စိုင်းဇေယျာကျော်က ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ၁၇ ပွဲကစား ရမှတ် ၃၀၊ မြဝတီအသင်းက ၁၈ပွဲကစား ၁၄ မှတ် ရရှိထားသည်။

**နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရ**

တောင်ဒဂုံကွင်း၌ ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီယူနိုက်တက် အသင်းက ဟံသာဝတီယူနိုက်တက် အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုပွဲအပြီးတွင် ရတနာပုံအသင်းက ၁၈ ပွဲကစား ၂၃ မှတ်၊ ရောဝတီယူနိုက်တက်အသင်းက ၁၇ ပွဲကစား ၂၃ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၈ ပွဲကစား ရမှတ် ၂၀၊ ဟံသာဝတီယူနိုက်တက်အသင်းက ၁၇ ပွဲကစား ခုနစ်မှတ် ရရှိထားသည်။

**ယှဉ်ပြိုင်ကစားမည်**

ပွဲစဉ်(၁၉)ဒုတိယနေ့ကို အောက်တိုဘာ ၁၅ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တောင်ဒဂုံကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် Dagon Port အသင်း၊ စလင်းကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် သစ္စာအားမာန်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

သတင်း - ကိုညီလေး

ဓာတ်ပုံ - MNL

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား "မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး




**နေပြည်တော် အောက်တိုဘာ ၁၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် အိန္ဒိယသမ္မတနိုင်ငံ အစိုးရတို့အကြား "မြန်ဆန်စွာ အကျိုးဖြစ်ထွန်းစေမည့် စီမံချက်များ (Quick Impact Projects-QIP)" အကောင်အထည်ဖော်ဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာ ၅ စောင် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၁) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ သက်ဆိုင်ရာ အကောင်အထည်ဖော်မည့် ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ဒုတိယအကြီးအကဲ Mr. Ashish Sharma၊ အိန္ဒိယနိုင်ငံဘက်မှ တာဝန်ရှိကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**လက်မှတ်ရေးထိုးကြ**

အခမ်းအနားတွင် "စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူ လယ်သမားများ၏ လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် အခြောက်ခံစက်နှင့် အခြောက်ခံစက်ထားရန်အဆောက်အအုံ စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှု စာချွန်လွှာ"၊ "အဆင့်မြင့်စိုက်ပျိုးရေး သုတေသနနှင့် ပညာရေးဗဟိုဌာန ဗဟုသုတဘဏ် တည်ထောင်ခြင်း စီမံချက်အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"၊ "မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"၊ "မန္တလေးတိုင်းဒေသကြီးရှိ အမျိုးသမီးကလေးများ ကျောင်းအတွက် တစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်း စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" နှင့် "ရန်ကုန်တိုင်းဒေသကြီး အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု ဗဟိုဌာနတည်ထောင်ခြင်း စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" တို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ဒုတိယအကြီးအကဲ Mr. Ashish Sharma တို့က လက်မှတ်ရေးထိုးကြသည်။

စီမံချက်များသည် စုစုပေါင်း တန်ဖိုး အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ရှိပြီး "စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူ လယ်သမားများ၏ လူမှုစီးပွား ဖွံ့ဖြိုးရေးအတွက် အခြောက်ခံစက်နှင့် အခြောက်ခံစက်ထားရန် အဆောက်အအုံစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် စပါး စိုက်ပျိုးသည့် လူ့အဖွဲ့အစည်းများ၏ အသက်မွေးဝမ်းကျောင်းကို မြှင့်တင်နိုင်ခြင်း၊ "အဆင့်မြင့်စိုက်ပျိုးရေးသုတေသနနှင့် ပညာရေးဗဟိုဌာန ဗဟုသုတဘဏ် တည်ထောင်ခြင်း စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် တက္ကသိုလ်အတွင်း ပညာရပ်နှင့် သုတေသနဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များ၊ စာအုပ်စာတမ်းများ ရယူနိုင်သည့် ဗဟုသုတဘဏ် ထူထောင်နိုင်ခြင်း၊ "မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဆောင်းဒါးရက်ကန်းနှင့် အသက်မွေးပညာသိပ္ပံအောက်ရှိ ရက်ကန်းနှင့် အသက်မွေးပညာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး စီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်းများရှိ ဆရာ ဆရာမများသည် နည်းပညာရပ်များ လေ့လာသင်ယူခွင့်ရရှိနိုင်ခြင်း၊ "မန္တလေးတိုင်းဒေသကြီးရှိ အမျိုးသမီးကလေးများ ကျောင်းအတွက် တစ်ထပ်အဆောက်အအုံ ဆောက်လုပ်ခြင်းစီမံချက် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ" ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် အမျိုးသမီးကလေးများ၏ လူနေမှုဘဝ ပိုမိုတိုးတက် ကောင်းမွန်လာစေခြင်းနှင့် "ရန်ကုန်တိုင်းဒေသကြီး အရေးပေါ်အခြေအနေစီမံခန့်ခွဲမှု ဗဟိုဌာန တည်ထောင်ခြင်းစီမံချက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ"ကို လက်မှတ်ရေးထိုး အကောင်အထည်ဖော်ခြင်းအားဖြင့် ရန်ကုန်မြို့၌ နိုင်ငံတကာ လူသားချင်းစာနာမှု အကူအညီများ လက်ခံရာတွင် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဗဟိုဌာနအဖြစ် အမျိုးသားအဆင့် အကြီးစား ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဗဟိုဌာနအနေဖြင့် အထောက်အကူပေးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိမည်ဖြစ်သည်။ စီမံချက်များ အကောင်အထည်ဖော်ရေးအတွက် စီမံချက်ဆိုင်ရာ စောင့်ကြည့်စစ်ဆေးရေး ပူးတွဲကော်မတီဖွဲ့စည်း၍ ကြီးကြပ် အကောင်အထည်ဖော်သွားမည်ဖြစ်သည်။

QIP စီမံချက်များသည် နှစ်နိုင်ငံ အစိုးရတို့အကြား လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သည့် အကူအညီပေးရေးဆိုင်ရာ သဘောတူစာချုပ်အရ ဆောင်ရွက်ခြင်းဖြစ်ပြီး စီမံချက်တန်ဖိုးအားဖြင့် စီမံချက်တစ်ခုလျှင် အမေရိကန်ဒေါ်လာ ၅၀၀၀၀ တန်ဖိုး ခွင့်ပြုပေးခြင်းဖြစ်သည်။ ယမန်နှစ်ကလည်း အလားတူ စီမံချက်သုံးခုကို အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါ QIP စီမံချက်များကို မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန် အိန္ဒိယသမ္မတနိုင်ငံ အစိုးရနှင့် ဆက်လက်ညှိနှိုင်း ဆောင်ရွက်ရန်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၄**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး H.E. Mr. Abhay Thakur အား ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) ရှိအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် အိန္ဒိယနှင့်မြန်မာ နှစ်နိုင်ငံ ပညာရေး ပိုမိုပူးပေါင်းဆောင်ရွက်ရေး၊ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ ပညာတော်သင်ဆုများ ပိုမိုပေးအပ်ရေး၊ Naypyitaw State Academy သို့ အိန္ဒိယက ခေတ်မီခေတ်ခွဲခန်းသုံးကိရိယာများ လှူဒါန်းထောက်ပံ့ရေး၊ ၂၀၀၉ ခုနှစ်က အိန္ဒိယအစိုးရ အကူအညီဖြင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့သော မြန်မာ-အိန္ဒိယ စီးပွားရေးစွမ်းဆောင်မှုပညာဖွံ့ဖြိုးမှုသင်တန်းဌာန (MIEDC)နှင့် ရန်ကုန်တက္ကသိုလ်တွင် ဖွင့်လှစ်ခဲ့သောမြန်မာ-အိန္ဒိယ အင်္ဂလိပ်ဘာသာစကားလေ့ကျင့်ရေးစင်တာ (MICELT) တို့ကို ပြန်လည်အကောင်အထည်ဖော်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျုံပျော်မြို့၌ ဆီထွက်သီးနှံနေကြာ စိုက်ပျိုးရေးစီမံကိန်း တာဝန်ပေးအပ်ပွဲ ပြုလုပ်

**ကျုံပျော် အောက်တိုဘာ ၁၄**

၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ နေကြာ စိုက်ပျိုးရေးစီမံကိန်း



တာဝန်ပေးအပ်ပွဲကို ဧရာဝတီ တိုင်းဒေသကြီး ကျုံပျော်မြို့နယ် မိုးလုံလေလုံ အားကစားခန်းမ၌ ယနေ့နံနက် ၈ နာရီခွဲက ပြုလုပ်သည်။

ဦးစွာ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းမင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ရပ်ကွက်/ကျေးရွာ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီများထံသို့ ဆီထွက်သီးနှံ နေကြာ စိုက်ပျိုးရေးစီမံကိန်း တာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ရပ်စောက်မြို့နယ်၌ ဆောင်းသီးနှံ နေကြာစိုက်ပျိုးသော သမဝါယမအသင်းသားများအား သွင်းအားစုများ ပံ့ပိုး

**ရပ်စောက် အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့နယ်တွင် ဆောင်းသီးနှံ နေကြာစိုက်ပျိုးသော သမဝါယမ အသင်းသားများအား သွင်းအားစုများ ပံ့ပိုးပေးအပ်ခြင်း အခမ်းအနားကို မြို့နယ် သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

**ထောက်ပံ့ပေးအပ်**

ရပ်စောက်မြို့နယ် အတွင်းရှိ "မိုးမခ"စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်း၊ "တပ်ကြီး" စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းများက နေကြာစိုက်ပျိုးသော သမဝါယမအသင်းသားများအား ရပ်စောက်မြို့နယ် သမဝါယမအသင်းစု၏ ပံ့ပိုးငွေဖြင့် စိုက်ပျိုးဧက ၂၀၀ ဒသမ ၆၇ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် သုံးသိန်းနှုန်းဖြင့် ငွေကျပ် ၆၀၂ သိန်းတန်ဖိုးရှိ စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် စွမ်းထက် သဘာဝမြေဩဇာများနှင့် နေကြာမျိုးများကို ထောက်ပံ့ပေးအပ်သည်။

ထွက်ရှိလာသည့် နေကြာများကို ရောင်းချရာတွင် သတ်မှတ်ကာလပေါက်ဈေးဖြင့် ဈေးကောင်းရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၃) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၄**

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ (၁၃)ကြိမ်မြောက်အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများမှ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





**အတည်ပြုပေးနိုင်ရေးဆောင်ရွက်**

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ်၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက လယ်မြေကို အခြားနည်းဖြင့် အသုံးပြုခွင့် ခွင့်ပြုပါရန် စိစစ်၍ ထောက်ခံတင်ပြလာသည့် လုပ်ငန်းစာတွဲများကို လယ်ယာမြေဥပဒေ၊ နည်းဥပဒေပါပြဋ္ဌာန်းချက်များအရလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းဖြင့် အသုံးပြုခြင်းများကို ဖြေရှင်းနိုင်ရန်နှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ထိန်းချုပ်နိုင်ရန် ဆောင်ရွက်မည့် စံပြုလုပ်ထုံးလုပ်နည်းအရလည်းကောင်း၊ ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များအရလည်းကောင်း၊ ကိုက်ညီမှန်ကန်မှု ရှိ/မရှိ စိစစ်ပြီး ကိုက်ညီမှန်ကန်မှုရှိပါက အတည်ပြုပေးနိုင်ရေးဆောင်ရွက်ရမည်ဖြစ်၍ ယခုအစည်းအဝေးတွင် တင်ပြမည့် နိုင်ငံတစ်ဝန်း လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်တင်ပြလာသည့်ကိစ္စရပ်များ၊ အခြားသော ကိစ္စရပ်များနှင့်ပတ်သက်၍ မိမိတို့ ဌာနဆိုင်ရာ လုပ်ငန်းရှုထောင့်များက ပွင့်ပွင့်လင်းလင်း ဝိုင်းဝန်းဆွေးနွေးကြရန်ဖြစ်ပြီး အချို့သော လုပ်ငန်းရပ်များကို ခွင့်ပြုသင့်သည်၊ ခွင့်မပြုသင့်သည်၊ မည်သည့်လုပ်ငန်းကို ပြန်လည်စိစစ်သင့်သည်ကို ဆွေးနွေးအကြံပြုပေးကြရန် လုပ်ထုံးလုပ်နည်းနှင့်အညီ လိုအပ်ချက်များကို ပွင့်လင်းစွာ ဆွေးနွေးတင်ပြပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ယင်းနောက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အတွင်းရေးမှူးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် စာတွဲများကိုတင်ပြရာ အစည်းအဝေးတက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအပေါ် အသေးစိတ်ဆွေးနွေးဆောင်ရွက်ကြသည်။

ယခုကျင်းပသည့် (၁၃) ကြိမ်မြောက် အစည်းအဝေးတွင် တိုင်းဒေသကြီး/ ပြည်နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များက ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လျော်ကြေး၊ နစ်နာကြေးတွက်ချက်တင်ပြလာသော လုပ်ငန်းကိစ္စရပ် ၂၈ ခုနှင့်ပတ်သက်၍ လယ်ယာမြေလုပ်ပိုင်ခွင့် ရရှိထားသူ တောင်သူလယ်သမားများနှင့် မြေယာပိုင်ဆိုင်သူများ နစ်နာမှုမရှိစေရေးအတွက် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ အလျင်အမြန်ပေးလျော်စေရေး၊ နိုင်ငံတော်ဘဏ္ဍာငွေများ ဆုံးရှုံးမှုမရှိစေရေး ဆွေးနွေးခဲ့ကြသည်။

**မြေပြင်အခြေအနေများ မှန်ကန်စွာ သုံးသပ်ဆောင်ရွက်**

လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ နိုင်ငံတော်၏အဓိကစားသုံးသီးနှံဖြစ်သည့် ဆန်စပါးဖူလုံမှုကို ထိခိုက်မှုမရှိစေဘဲ မြေပြင်အခြေအနေများ မှန်ကန်စွာ သုံးသပ်ဆောင်ရွက်နိုင်ရေး၊ အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ထားသည့် ဧရိယာများနှင့် ရေမြေအနေအထား ကောင်းမွန်ပြီး စပါးစိုက်ပျိုးဖြစ်ထွန်းသည့်မြေများ မလျော့ပါးစေရေး၊ ဆည်ရေသောက်ဧရိယာအတွင်းဖြစ်ပါက ဆည်ရေပေးဝေနိုင်မှုကို ထိခိုက်နိုင်မှုမရှိစေရေးတို့ကို စိစစ်ဆောင်ရွက်လျက်ရှိပြီး လိုအပ်ချက်များအရ အခြားနည်းအသုံးပြုရန် ယခင်က ခွင့်ပြုပြီးသည့်မြေကို ဥပဒေနှင့်အညီ သတ်မှတ်ကာလအတွင်း အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိ/မရှိ တို့ကို စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၄**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ရှမ်းပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်နှင့်အတူ ယမန်နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



**အမြန်ပြီးစီးနိုင်ရေးဆောင်ရွက်**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက အမှတ်(၁)စက်ကို လည်ပတ်နိုင်ပြီဖြစ်၍ အမှတ်(၂) ဓာတ်အားပေးစက်ကို အမြန်ဆုံးပြန်လည်မောင်းနှင်၍ ဓာတ်အားထုတ်လုပ်နိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ဓာတ်အားပေးစက်များ ပုံမှန်လည်ပတ်ထုတ်လုပ်နိုင်ရန်အတွက် စက်များ၏ ကြံ့ခိုင်ရေးကိုလည်း စနစ်တကျ စီမံချက်ရေးဆွဲဆောင်ရွက်သွားရန်နှင့် အဆင့်(၂)အဖြစ် ဆောင်ရွက်လျက်ရှိသော ကျောက်မီးသွေးအခြောက်ခံစက်တည်ဆောက်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေး ဆောင်ရွက်သွားရန်မှာကြားပြီး ဓာတ်အားထိန်းချုပ်ခန်းအတွင်း အမှတ်(၁) ဓာတ်အားပေးစက်ပြန်လည်လည်ပတ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာဘိုင်စက်ခန်းများအတွင်း ဓာတ်အားပေးစက်များ မောင်းနှင်၍ ဓာတ်အားထုတ်လုပ်ပေးနေမှု၊ ဓာတ်အားပေးစက်များ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ကျောက်မီးသွေးအခြောက်ခံစက် တည်ဆောက်ခြင်းလုပ်ငန်းများ ၆၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှုနှင့် လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒေဝစွမ်းအင်နှင့် သဘာဝအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီလီမိတက်၏ ကျောက်မီးသွေးတူးဖော်ရေးလုပ်ကွက်သို့ရောက်ရှိပြီး ရေကြီးမှုကြောင့် ကျောက်မီးသွေးတူးဖော်ရေး လုပ်ကွက်အတွင်း ပျက်စီးခဲ့မှုများ၊ မြေပြိုကျမှုများနှင့် ကျောက်မီးသွေးတူးဖော်ထုတ်လုပ်ရန် အပေါ်ယံမြေကြီးများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှု၊ ရေနစ်မြုပ်သွားသော ကျောက်မီးသွေးပြင်အား အမြန်ထုတ်လုပ်ရရှိရန် အပိုင်းလိုက်ကန့်၍ ရေများ ပြန်လည်စုပ်ထုတ်ခြင်း ဆောင်ရွက်နေမှုနှင့် ပျက်စီးသွားသော ကျောက်မီးသွေး သယ်ထုတ်လမ်းပိုင်းများ အသစ်ပြုပြင်ဖောက်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် တီကျစ်ဓာတ်အားပေးစက်ရုံ အအေးပေးစနစ်အတွက် ရေပေးပို့လျက်ရှိသော ဘီလူးချောင်းအနီး တည်ဆောက်ထားသည့် ဘီလူးချောင်း ရေပန့်ရုံသို့ရောက်ရှိပြီး မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ရေပန့်ရုံအဆောက်အအုံ ရေနစ်မြုပ်ခဲ့မှု၊ ရေပန့်ရုံနှင့် ရေဝင်လမ်းကြောင်းအတွင်း ရေများစုပ်ထုတ်ပြီးစီးမှု၊ နုန်းများ ဖယ်ရှားရှင်းလင်းပြီးစီးမှု၊ ပန့်နှင့်ဆက်စပ်ပစ္စည်းများ၊ Control Panel များ၊ ထရန်စဖော်မာများ စစ်ဆေးပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ပန့်များကို အလှည့်ကျမောင်းနှင်၍ စက်ရုံသုံးရေများ ပြန်လည်ပေးပို့နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ တီကျစ်ကျောက်မီးသွေးသုံး ရေနွေးငွေ့ဓာတ်အားပေးစက်ရုံသည် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင်တည်ရှိပြီး နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ စက်တပ်ဆင်အင်အားမှာ ၆၀ မဂ္ဂါဝပ်ရှိ ဓာတ်အားပေးစက်နှစ်လုံးဖြင့် စုစုပေါင်းတပ်ဆင်အင်အား ၁၂၀ မဂ္ဂါဝပ်ဖြစ်ပြီး ဒီဇိုင်းအရ တစ်နှစ်ထုတ်လုပ်နိုင်မည့် ဓာတ်အားမှာ ၉၆၀ ကီလိုဝပ်နာရီသန်းပေါင်းဖြစ်ကာ ထွက်ရှိလာသော လျှပ်စစ်ဓာတ်အားများကို ၁၃၂ ကေဗွီ တီကျစ်-လောပိတဓာတ်အားလိုင်း၊ ၁၃၂ ကေဗွီ တီကျစ်-လွိုင်ကော်ဓာတ်အားလိုင်းနှင့် ၁၃၂ ကေဗွီ တီကျစ်-ကလောဓာတ်အားလိုင်းတို့ဖြင့် နိုင်ငံတော်ဓာတ်အားစနစ်သို့ချိတ်ဆက်၍ လျှပ်စစ်ဓာတ်အားများ ပို့လွှတ်ဖြန့်ဖြူးပေးလျက်ရှိသည်။ ရာဂီမုန်တိုင်းအရှိန်ဖြင့် မိုးသည်းထန်စွာရွာသွန်း၍ ရေကြီးရေလျှံမှုကြောင့် ကျောက်မီးသွေးလုပ်ကွက်အတွင်း မြေပြိုကျမှုများ၊ ထုတ်ယူဆဲကျောက်မီးသွေး ရေနစ်မြုပ်မှုများ၊ ကျောက်မီးသွေးသယ်ထုတ်လမ်းပိုင်းများ ပြိုကျပျက်စီးခဲ့ခြင်းနှင့် တီကျစ်ဓာတ်အားပေးစက်ရုံအအေးပေးစနစ်အတွက် ရေပေးပို့လျက်ရှိသော ဘီလူးချောင်းရေပန့်ရုံ ရေနစ်မြုပ်ပြီး ပန့်နှင့်ဆက်စပ်ပစ္စည်းများ ရေနစ်မြုပ်ပျက်စီးခြင်းတို့ ဖြစ်ပေါ်ခဲ့သဖြင့် ဓာတ်အားထုတ်လုပ်မှုများရပ်နားခဲ့ရပြီး ဓာတ်အားအမြန်ဆုံး ပြန်လည်ထုတ်လုပ်ပို့လွှတ်ပေးနိုင်ရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ အမှတ်(၁)ဓာတ်အားပေးစက်ကို အောက်တိုဘာ ၁၁ ရက်တွင် ပြန်လည်လည်ပတ်၍ နိုင်ငံတော်ဓာတ်အားစနစ်သို့ ချိတ်ဆက်ပြီး လျှပ်စစ်ဓာတ်အားများ ပြန်လည်ပို့လွှတ်ပေးနိုင်ခဲ့သည်။ ထို့အတူ အမှတ်(၂) ဓာတ်အားပေးစက်ကို ပြန်လည်လည်ပတ်ကာ ဓာတ်အားထုတ်လုပ်နိုင်ရေးနှင့် လိုအပ်သော ကျောက်မီးသွေးများ အချိန်မီ ထုတ်ယူရရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ဘက်စုံကုန်သွယ်မှုဆိုင်ရာစနစ်နှင့် လွတ်လပ်စွာကုန်သွယ်မှုတို့ကို မြှင့်တင်ဆောင်ရွက်မည်ဟု ကမ္ဘောဒီးယားဝန်ကြီးချုပ်ပြောကြား

ဖနောင်ပင် အောက်တိုဘာ ၁၄

ကမ္ဘောဒီးယားနိုင်ငံသည် ဘက်စုံကုန်သွယ်မှုဆိုင်ရာစနစ်နှင့် လွတ်လပ်စွာကုန်သွယ်မှုတို့ကို မြှင့်တင်ဆောင်ရွက်သွားမည်ဟု ဝန်ကြီးချုပ် ဟွန်မာနက်က ယနေ့ပြောကြားသည်။

မြို့တော်ဖနောင်ပင်တွင် ကျင်းပသည့် ကမ္ဘောဒီးယားနိုင်ငံ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ရောက်သည့် နှစ် ၂၀ မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် ဝန်ကြီးချုပ် ဟွန်မာနက်က အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်သည်။ ၂၀၀၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ၁၄၈ နိုင်ငံမြောက် အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ထိုသို့ဖြစ်လာခြင်းကြောင့် ကမ္ဘာ့နိုင်ငံများနှင့် ကုန်သွယ်မှုပြုရာတွင် ကမ္ဘောဒီးယားနိုင်ငံအတွက် အကျိုးကျေးဇူးများစွာ ရရှိခဲ့ကြောင်း ဝန်ကြီးချုပ် ဟွန်မာနက်က မှတ်ချက်ပြုပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ပြည်ပပို့ကုန် မြှင့်တင်ရာတွင် ကမ္ဘောဒီးယား -တရုတ် လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်အပါအဝင် ဒေသတွင်းပြီးပြည့်စုံသည့် လွတ်လပ်စွာ ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များကို အခြေခံ၍ ဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ထပ်လောင်းပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှုများကြောင့် ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘောဒီးယားနိုင်ငံအား ဝင်ငွေမြင့်မားသည့် နိုင်ငံအဖြစ်သို့ရောက်ရှိရေး ရည်မှန်းချက် ပြည့်မီလာမည်ဟု ဝန်ကြီးချုပ်က ပြောကြားသည်။ ကမ္ဘောဒီးယားနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်လာသဖြင့် ၎င်း၏ ပြည်ပပို့ကုန်များအား အပြည်ပြည်ဆိုင်ရာ ဈေးကွက်များအထိ တိုးချဲ့ရောင်းချနိုင်ပြီး ပို့ကုန်မြှင့်တင်ရေးဆောင်ရွက်နိုင်ခဲ့သည်ဟု ကမ္ဘောဒီးယား စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ချန်နီမူကပြောကြားသည်။




ကမ္ဘောဒီးယားနိုင်ငံ၏ ပြည်ပတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာတန်ဖိုးသည် ယခုနှစ်ပထမကိုးလတွင် ကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံအထိ ရှိခဲ့သည်။ နိုင်ငံ၏ ကုန်သွယ်မှုပမာဏသည် ယမန်နှစ်တွင် ကန်ဒေါ်လာ ၄၇ ဒသမ ၈၈ ဘီလီယံအထိ တိုးတက်ခဲ့သည်။ နိုင်ငံ၏ ဆင်းရဲနွမ်းပါးမှုပမာဏသည် ၂၀၀၀ ပြည့်နှစ်တွင် ၆၀ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၂ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်းသို့လျော့ကျခဲ့သည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – စိုးသူရ

# စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆု အမေရိကန် စီးပွားရေးပညာရှင်သုံးဦး ရရှိ

စတော့ဟုမ်း အောက်တိုဘာ ၁၄

ယခုနှစ်အတွက် စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆုကို အမေရိကန်နိုင်ငံမှ စီးပွားရေးပညာရှင်သုံးဦးအား ချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီးပွားရေးပညာရှင် သုံးဦးသည် ကမ္ဘာတစ်ဝန်းရှိ မညီမျှမှုများကို သဘောပေါက်နားလည်စေရန်ကြိုးပမ်းရာတွင် ကူညီထောက်ပံ့မှုများပေးသည့်အတွက် ၎င်းတို့အား ယခုနှစ်အတွက် စီးပွားရေးသိပ္ပံဆိုင်ရာ နိုဘယ်ဆုကို ချီးမြှင့်ခြင်းဖြစ်ကြောင်း တော်ဝင်ဆွီဒင်သိပ္ပံအကယ်ဒမီက ဆိုသည်။

ဒါရွန်အက်စ်မိုဂလူနှင့် ဆိုင်မွန်ဂျွန်ဆန်တို့သည် မက်ဆာချူးဆက် နည်းပညာအင်စတီကျူမှ ဖြစ်ပြီး ဂျိမ်းစ်အေရောဘင်ဆန်သည် ချီကာဂိုတက္ကသိုလ်မှ ဖြစ်ကြောင်း သိရသည်။

ဒါရွန်အက်စ်မိုဂလူနှင့် ဆိုင်မွန်ဂျွန်ဆန်တို့သည် ချမ်းသာကြွယ်ဝမှုနှင့် နိုင်ငံရေးစနစ်များကြား ပတ်သက်ဆက်နွယ်မှုကို ဖော်ကျူးထားသည့် “Why Nations Fail” ဟူသော စာအုပ်ကို ရေးသားခဲ့သည်။

ဂျိမ်းစ်အေရောဘင်ဆန်သည် အင်စတီကျူးရှင်းများ၏ အဓိကကျသော အခန်းကဏ္ဍအပါအဝင် ကမ္ဘာလုံးဆိုင်ရာမညီမျှမှု၏အခြေခံအကြောင်းတရားများအပေါ် သုတေသနပြုခဲ့ကြောင်း သိရသည်။

နိုဘယ်ဆုရှင် သုံးဦးသည် ကမ္ဘာလုံးဆိုင်ရာ မညီမျှမှုကို သိသာရှင်းလင်းစွာ နားလည်သဘောပေါက်စေရန် ကြိုးပမ်းရာတွင် နည်းလမ်းအသစ်များကို ရှေ့ဆောင်လမ်းပြပေးခဲ့သည့်အပြင် တရားဥပဒေစိုးမိုးမှုမရှိခြင်းနှင့် စီးပွားရေးအရအမြတ်ထုတ်ခြင်းတို့သည် တိုးတက်မှု သို့မဟုတ် အပြုသဘောဆောင်သောအပြောင်းအလဲကို မဖြစ်ပေါ်နိုင်ကြောင်း ထုတ်ဖော်ပြသခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်




# လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုစခန်း၏ အခြေစိုက်စခန်းတစ်ခုအား အစ္စရေးတင့်ကားများ ဝင်ရောက်စီးနင်း

ဘေရွတ် အောက်တိုဘာ ၁၄

လက်ဘနွန်နိုင်ငံတောင်ပိုင်းရှိ ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းမှုစခန်း၏ အခြေစိုက်စခန်းတစ်ခုအား အစ္စရေးတင့်ကားများက ဝင်ရောက်စီးနင်းခဲ့ကြောင်း လက်ဘနွန်ရှိ ကုလသမဂ္ဂ ယာယီတပ်ဖွဲ့ (UNIFIL) က ယနေ့ ကြေညာချက်ထုတ်ပြန်သည်။

အစ္စရေး တင့်ကားနှစ်စီးသည် ပင်မဂိတ်ပေါက်ကို ဖျက်ဆီးပြီးနောက် ၎င်းတို့၏အခြေစိုက်စခန်းတစ်ခုသို့ ဝင်ရောက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ငြိမ်းချမ်းရေး ထိန်းသိမ်းသူများသည် အစ္စရေးတပ်ဖွဲ့ဝင်များ၏ မီးခိုးငွေ့ဗုံးများဖြင့် ပစ်ခတ်မှုကြောင့် အရေပြားယားယံခြင်းနှင့် အစာအိမ် အူလမ်းကြောင်းဆိုင်ရာ ပြဿနာများအတွက် ကုသမှု ခံယူနေရကြောင်း သိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း အစ္စရေး၏ တိုက်ခိုက်မှုများကြောင့် ငြိမ်းချမ်းရေး ထိန်းသိမ်းသူငါးဦး ဒဏ်ရာရခဲ့သည့်အပေါ် ကမ္ဘာ့နိုင်ငံများက ပြစ်တင်ရှုတ်ချခဲ့သည်။

ယင်းသို့ တိုက်ခိုက်မှုများသည် နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေကို ပြင်းထန်စွာ ချိုးဖောက်ခြင်းဖြစ်သည်ဟု လက်ဘနွန်ရှိ ကုလသမဂ္ဂ ယာယီတပ်ဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါကိစ္စနှင့်ပတ်သက်ပြီး ရှင်းလင်းချက်ပေးရန် အစ္စရေးတပ်မတော်ကို တောင်းဆိုခဲ့ကြောင်း သိရသည်။

ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကို ဟစ်ဇ်ဘိုလာ အမာခံနယ်မြေများနှင့် တိုက်ခိုက်ရေးနယ်မြေများမှ ဖယ်ရှားပေးရန် အစ္စရေး၏တောင်းဆိုမှုကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ပယ်ချခဲ့ပြီး ငြိမ်းချမ်းရေး ထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကို ဟစ်ဇ်ဘိုလာအဖွဲ့က ဓားစာခံအနေဖြင့် အသုံးချနေသည့်အတွက် အစ္စရေးတပ်ဖွဲ့ဝင်များအတွက် အကျပ်ရိုက်စေကြောင်း အစ္စရေးဝန်ကြီးချုပ်နေတန်ယာဟုက ကြေညာချက်တစ်ခုတွင် ပြောကြားသည်။

ထို့ပြင် အစ္စရေးတပ်ဖွဲ့များသည် လက်ဘနွန်တောင်ပိုင်းတွင် မြေပြင်ထိုးစစ်ကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက အလေးပေးပြောကြားသည်။

ငြိမ်းချမ်းရေး ထိန်းသိမ်းသူများအား တိုက်ခိုက်ခြင်းသည် နိုင်ငံတကာနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဥပဒေကို ချိုးဖောက်ရာ ရောက်ပြီး စစ်ရာဇဝတ်မှုဖြစ်နိုင်ကြောင်း ဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ရန်လိုမှုများကိုရပ်တန့်ရန်နှင့် ၂၀၀၆ ခုနှစ်တွင် ချမှတ်ခဲ့သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်ကို အပြည့်အဝလိုက်နာရန် ဂူတာရက်စ် ထပ်မံတောင်းဆိုခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# မြောက်ကိုရီးယားအမြောက်တပ်ဖွဲ့များ နယ်စပ်ဒေသတွင် တပ်စွဲထား

ပြုံယမ်း အောက်တိုဘာ ၁၄

တောင်ကိုရီးယားနိုင်ငံမှ ဒရုန်းများကို စောင့်ကြည့်ရန် တောင်ကိုရီးယားနှင့် ထိစပ်နေသည့် နယ်စပ်ဒေသ၌ မြောက်ကိုရီးယား အမြောက်တပ်ဖွဲ့များကို တပ်စွဲထားကြောင်း မြောက်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်ဟု ယနေ့အင်န်အိတ်ချ်ကေသတင်းအရ သိရသည်။

## တုံ့ပြန်ဆောင်ရွက်

အောက်တိုဘာ ၁၃ ရက် တွင် ကာကွယ်ရေးဝန်ကြီးဌာနက အထက်ပါကိစ္စနှင့် ပတ်သက်ပြီး မြောက်ကိုရီးယားနိုင်ငံပိုင် ကေစီအင်န်အေ သတင်းဌာနမှတစ်ဆင့် ကြေညာခဲ့သည်။

တောင်ကိုရီးယားတပ်ဖွဲ့သည် မြောက်ကိုရီးယားနိုင်ငံမြို့တော် ပြုံယမ်းသို့ ယခုလအစပိုင်းတွင် ဒရုန်းယာဉ်များစေလွှတ်ပြီး ဝါဒဖြန့်ချိရေး စာရွက်များကို ကြဲချခဲ့သဖြင့် ယခုကဲ့သို့ တုံ့ပြန်ဆောင်ရွက်ခြင်းဖြစ်သည်ဟု မြောက်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံ၏ လေပိုင်နက်အား စောင့်ကြပ်ကြည့်ရှုသည့် လုပ်ငန်းများကိုလည်း မြှင့်တင်ခဲ့သည်။ မိမိနိုင်ငံ၏ လေပိုင်နက်အား ခြိမ်းခြောက်လာပါက လိုအပ်သလို အရေးယူဆောင်ရွက်မည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်၏ညီမ ကင်ယိုဂျောင်က ပြောကြားသည်။



တောင်ကိုရီးယားတပ်ဖွဲ့ကလည်း မိမိနိုင်ငံကို အန္တရာယ်ကျရောက်လာပါက လိုအပ်သလိုကာကွယ်သွားမည်ဟုအပြန်အလှန်အနေဖြင့်ပြောကြားခဲ့သည်။

ကိုးကား – အင်န်အိတ်ချ်ကေ၊ ဘာသာပြန် – စိုးသူရ

# NCA မှသည် . . . ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးဆီသို့

**အောင်ကျော်မိုး(ငြိမ်းချမ်းရေး)**

**နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား ချုပ်ဆိုခဲ့တဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခဲ့မှုဟာ ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာ (၉)နှစ် ပြည့်မြောက်တော့မှာ ဖြစ်ပါတယ်။ မြန်မာတစ်နိုင်ငံလုံး ငြိမ်းချမ်းဖို့နဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးကို မျှော်မှန်းပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို အကောင်အထည်ဖော်နိုင်ဖို့ အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်။ ငြိမ်းချမ်းရေးဟာ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပင်မရေသောက်မြစ်ပဲ ဖြစ်ပါတယ်။ အမှန်တကယ် နိုင်ငံတော်ရဲ့ အဓိကအကျဆုံး ပကတိလိုအပ်ချက်ကလည်း 'ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေး'လို့ဆိုရမှာ ဖြစ်ပါတယ်။**

မြန်မာနိုင်ငံမှာ အစိုးရအဆက်ဆက်အနေနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်မှာလည်း ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ အထူးအလေးထား ဆောင်ရွက်နေတာကို တွေ့ရှိနိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာ **"နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်"** ဆိုတဲ့ လုပ်ငန်းစဉ်ကို ထည့်သွင်းချမှတ်ထားခဲ့ပါတယ်။ ဒ့ါအပြင် ဦးတည်ချက်(၉)ရပ်ရဲ့ နိုင်ငံရေးဦးတည်ချက်မှာလည်း **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထား လုပ်ဆောင်ရေး"** ဆိုတဲ့ ဦးတည်ချက်တစ်ခုကိုလည်း ထည့်သွင်းချမှတ်ထားတာကို တွေ့ရှိရပါတယ်။

၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ မိန့်ခွန်းပြောကြားရာမှာ **"၂၀၂၂ ခုနှစ်ဟာ ငြိမ်းချမ်းရေးနှစ်ဖြစ်ကြောင်းနဲ့ တစ်နိုင်ငံလုံးမှာ လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးကို ဆောင်ရွက်သွားမယ်လို့ ကျွန်တော်ပြောခဲ့ပါတယ်။ ဒါကို လက်တွေ့ကျကျ ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ လိုအပ်တဲ့အတွက်ကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရဲ့ ခေါင်းဆောင်များကို တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်"**လို့ ပြောကြားခဲ့တာကိုကြည့်ရင် နိုင်ငံတော်အကြီးအကဲ တစ်ယောက်အနေနဲ့ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး ဘယ်လောက်အထိ အလေးထား စေတနာထားတယ်ဆိုတာ ပေါ်လွင်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စေတနာအမှန်ကို တိုင်းရင်းသားတွေအားလုံး မြင်အောင်ကြည့်တတ်ဖို့ လိုအပ်ပါတယ်။ NCA ဟာ ငြိမ်းချမ်းရေးရဲ့ ပန်းတိုင်မဟုတ်သေး၊ ငြိမ်းချမ်းရေးရဲ့ မုခ်ဦး၊ တံခါးဝသာလျှင် ဖြစ်ပါတယ်။ ဒ့ါကြောင့် ပြည်သူလူထုလိုလားတဲ့ ပန်းတိုင်ဆီကို NCA ဆိုတဲ့ ငြိမ်းချမ်းရေးပေါင်းကူးတံတားမှတစ်ဆင့် လျှောက်လှမ်းရမှာ ဖြစ်ပါတယ်။

### NCA ဟာ တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးရရှိဖို့အတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ်တစ်ခု

NCA စာချုပ်ဆိုတာက တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တည်းက ရေးဆွဲထားတဲ့စာချုပ်မျိုး မဟုတ်ပါဘူး။ တိုင်းရင်းသားညီအစ်ကိုတွေဖြစ်တဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေရဲ့ ကနဦးအဆိုပြုချက်တွေအပေါ် အခြေခံပြီး အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေအားလုံး ဆွေးနွေးညှိနှိုင်း သဘောတူရေးဆွဲထားတဲ့ စာချုပ်ဖြစ်ပါတယ်။ ဒ့ါအပြင် ပြည်တွင်းအသိသက်သေနဲ့ နိုင်ငံတကာအသိသက်သေတွေ ပါဝင်လက်မှတ်ရေးထိုးထားတဲ့ စာချုပ်လည်းဖြစ်ပါတယ်။ ဒ့ါကြောင့် NCA ဟာ တိုင်းပြည်အတွင်း ငြိမ်းချမ်းရေးရရှိဖို့အတွက် ခိုင်မာတဲ့ အခြေခံအုတ်မြစ်တစ်ခုပဲ ဖြစ်ပါတယ်။

NCA စာချုပ် ကြိုးပမ်းမှုအစမှာ ပထမဒီမိုကရေစီအစိုးရကာလ နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ဟာ ၂၀၁၁ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့မှာ ကြေညာချက် (၁/၂၀၁၁)နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးဆွေးနွေးဖို့ ဖိတ်ခေါ်ခဲ့ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ထိရောက်တဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေ ပြုလုပ်နိုင်ဖို့အတွက် ၂၀၁၁ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့မှာ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ကို ဖွဲ့စည်းခဲ့ပါတယ်။ ဒ့ါအပြင် ၂၀၁၁ ခုနှစ် မတ်လ ၁ ရက်နေ့မှာ ပြည်ထောင်စုလွှတ်တော်ခန်းမမှာ အဆင့်(၃)ဆင့် ပါဝင်တဲ့ နိုင်ငံတော်ရဲ့ လမ်းပြမြေပုံ (Road Map)ကို မိန့်ကြားခဲ့ပါတယ်။

### ခုနစ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြ

၂၀၁၂ ခုနှစ် မေလ ၃ ရက်နေ့မှာတော့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဆောင်ရွက်ဖို့အတွက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ဥက္ကဋ္ဌအဖြစ်ပါဝင်တဲ့ အဖွဲ့ဝင် ၁၁ ဦးပါ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးဗဟိုကော်မတီ (UPCC)၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဦးဆောင်တဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)နဲ့ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့မှာ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)တို့ကို ဖွဲ့စည်းခဲ့ပါတယ်။ အဲဒီနောက် ကချင်ပြည်နယ် လိုင်ဇာမှာပြုလုပ်ခဲ့တဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ညီလာခံကနေ ၂၀၁၃ ခုနှစ် နိုဝင်ဘာလ ၂ ရက်နေ့မှာ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့ (NCCT)ကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်နေ့မှ ၉ ရက်နေ့အထိ ကျင်းပခဲ့တဲ့ လော်ခီးလာ ညီလာခံမှာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့(SD) ကိုလည်းကောင်းဖွဲ့စည်းခဲ့ပါတယ်။ MPC မှ UPWC ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့တွေနဲ့ NCCT မှ နိုင်ဟံသာ၊ ပဒိုစောကွယ်ထူးဝင်း၊ အက်စ်ဂွမ်မော် ဦးဆောင်တဲ့ ကိုယ်စားလှယ်တွေဟာ ၂၀၁၄ ခုနှစ် မတ်လ ၉ ရက်နေ့မှ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ NCA (မူကြမ်း) ရရှိရေးအတွက် ခုနစ်ကြိမ် တွေ့ဆုံဆွေးနွေးခဲ့ကြပြီး အခန်း(၇) ခန်း၊ အပိုဒ် (၃၃)ပိုဒ်ပါ သဘောတူစာချုပ် (အတည်ပြုမူကြမ်း)ကို နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ပါတယ်။

NCA မူကြမ်း အတည်ပြုချက်ရရှိပြီးတဲ့နောက်မှာတော့ UPWC မှ ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်း ဦးဆောင်တဲ့ ကိုယ်စားလှယ်အဖွဲ့တွေနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက အဆင့်မြင့်နိုင်ငံရေးဆွေးနွေးရေးအဖွဲ့ (Senior Delegation–SD) အဖွဲ့ခေါင်းဆောင် နော်စီဖိုးရာစိန် ဦးဆောင်တဲ့ ကိုယ်စားလှယ်တွေဟာ ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ MPC ၌ အဌမအကြိမ် ညှိနှိုင်းဆွေးနွေးခဲ့ကြပါတယ်။ ၎င်းဆွေးနွေးပွဲမှာတော့ ၂၀၁၅ ခုနှစ် မတ်လမှာ တိုင်းရင်းသားလက်နက်ကိုင်များ ပြုလုပ်တဲ့ လော်ခီးလာညီလာခံကနေ UPWC နဲ့ NCCT ကိုယ်စားလှယ်တွေအကြား သဘောတူစာချုပ် (အတည်ပြုမူကြမ်း)ကို အချောသပ်တဲ့ ဆွေးနွေးညှိနှိုင်းခြင်းတွေကို ပြုလုပ်ခဲ့ကြပါတယ်။

အဲဒီနောက်မှာတော့ ၂၀၁၅ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် နိုင်ငံတော်သမ္မတက NCA သဘောတူစာချုပ်မှာ ပါဝင်လက်မှတ်ရေးထိုးနိုင်ဖို့အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၅ ဖွဲ့ကို ဖိတ်ခေါ်ခဲ့ပါတယ်။ ထိုသို့ ဖိတ်ခေါ်ချက်အရ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေဟာ ထိုင်းနိုင်ငံ ချင်းမိုင်မြို့မှာ ထိပ်သီးခေါင်းဆောင်တွေ အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ယင်းအစည်းအဝေးဆုံးဖြတ်ချက်အရ NCA စာချုပ်လက်မှတ်ရေးထိုးရာမှာ အားလုံးပါဝင်လက်မှတ်ရေးထိုးရေးမှုနဲ့ပတ်သက်ပြီး KNU၊ NMSP၊ KNPP၊ KIO နဲ့ SSA (ဝမ်ဟိုင်း)အဖွဲ့ ငါးဖွဲ့တို့မှ ထိပ်သီးကိုယ်စားလှယ်တွေ၊ အဆင့်မြင့်နိုင်ငံရေးဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်တွေပါဝင်တဲ့ ကိုယ်စားလှယ် ရှစ်ဦးတို့ဟာ နေပြည်တော်မှာ နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နဲ့ တွေ့ဆုံဆွေးနွေး ညှိနှိုင်းခဲ့ကြပါတယ်။

### ရက်ပေါင်း ၁၄၅၀ ကြာမြင့်ခဲ့

ငြိမ်းချမ်းရေး စတင်ဖိတ်ခေါ်ခဲ့တဲ့နေ့မှစပြီး NCA သဘောတူစာချုပ် အပြီးသတ်ရရှိခဲ့တဲ့ ၇-၈-၂၀၁၅ ရက်နေ့အထိ ရက်ပေါင်း ၁၄၅၀ ကြာမြင့်ခဲ့ပြီး ၎င်းကာလအတွင်း အစည်းအဝေးငယ်များ၊ တွေ့ဆုံညှိနှိုင်းမှုများ အကြိမ်ရေ ၅၀၀၀ ထက်မနည်း ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလို အဆင့်ဆင့်တွေ့ဆုံညှိနှိုင်းမှုများပြုလုပ်ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာတော့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကို နိုင်ငံတော်သမ္မတ ဦးဆောင်တဲ့အဖွဲ့နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ (ABSDF၊ ALP၊ CNF၊ DKBA၊ KNU၊ KNU/ KNLA–PC၊ PNLO၊ RCSS/SSA) တို့ဟာ နိုင်ငံတကာအသိသက်သေတွေရဲ့ ရှေ့မှောက်မှာ ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးနိုင်ခဲ့ပါတယ်။

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးပွဲမှာတော့ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ၊ နိုင်ငံတကာအသိသက်သေအဖြစ် ကမ္ဘာ့ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနဲ့ ဂျပန်နိုင်ငံတို့ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြပါတယ်။

### မြန်မာ့သမိုင်းမှာ ပင်လုံစာချုပ်ပြီးရင် NCA စာချုပ်ဟာ အထင်ကရစာချုပ်ဖြစ်

၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့မှာ LDU နဲ့ NMSP အဖွဲ့တို့ NCA မှာ ပါဝင်လက်မှတ်ရေးထိုးလာတဲ့အတွက် လက်မှတ်ရေးထိုးသောအဖွဲ့ ၁၀ ဖွဲ့အထိ ဖြစ်လာခဲ့ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ဟာ နိုင်ငံတော်အစိုးရ၊ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တို့ ၁၈ လကြာ ဆွေးနွေးညှိနှိုင်းခဲ့ရတာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်မှာ အတည်ပြုခဲ့ပါတယ်။ မြန်မာ့သမိုင်းမှာ ပင်လုံစာချုပ်ပြီးရင် NCA စာချုပ်ဟာ အထင်ကရစာချုပ်ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ ဒ့ါအပြင် NCA စာချုပ်ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ နိုင်ငံတော်အစိုးရတို့အကြား အာမခံချက်ပေးထားတဲ့ ကတိကဝတ်နဲ့ သဘောတူညီချက်တစ်ခု ဖြစ်တယ်လို့လည်းဆိုနိုင်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးနိုင်ဖို့ဆိုတာ လွယ်လွယ်ကူကူဖြစ်လာခဲ့ခြင်း မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ ဖြစ်တည်လာခဲ့တဲ့ သံသယတွေ၊ အမုန်းတရားတွေ၊ အာဃာတတရားတွေကို ရိုးသားဖြူစင်မှု၊ စိတ်ရှည်သည်းခံမှု၊ နားလည်ပွင့်လင်းမှု၊ အပြန်အလှန်လေးစားမှုတို့နဲ့ အချိန်ယူတည်ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် တည်ဆောက်ပြီးသော ခိုင်မာတဲ့ စာချုပ်တစ်ခုရဲ့ တန်ဖိုးအနှစ်သာရကို ပိုမိုပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့ လိုပါတယ်။

NCA စာချုပ်မှာ လက်မှတ်ရေးထိုးရန် ကျန်ရှိနေသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေ ပါဝင်လာစေဖို့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ တတ်နိုင်သမျှ ဘက်ပေါင်းစုံကနေ ဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားပြည်သူအားလုံးကလည်း နှိုးဆော်တိုက်တွန်းမှုတွေ၊ စည်းရုံးသိမ်းသွင်းမှုတွေကို တတ်စွမ်းနိုင်သမျှ ပံ့ပိုးလုပ်ဆောင်ခြင်းဖြင့် သမိုင်းမှတ်တမ်းကောင်းတစ်ခု စိုက်ထူသွားရမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ နိုင်ငံရေးရည်မှန်းချက်မှာ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးပဲ ဖြစ်ပါတယ်။

> **❝ မြန်မာ့သမိုင်းမှာ ပင်လုံစာချုပ်ပြီးရင် NCA စာချုပ်ဟာ အထင်ကရစာချုပ်ဖြစ်တယ်လို့ ပြောနိုင်ပါတယ်။ ဒ့ါအပြင် NCA စာချုပ်ဟာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေနဲ့ နိုင်ငံတော်အစိုးရတို့အကြား အာမခံချက်ပေးထားတဲ့ ကတိကဝတ်နဲ့ သဘောတူညီချက်တစ်ခုဖြစ်တယ်လို့လည်းဆိုနိုင်ပါတယ်။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးနိုင်ဖို့ဆိုတာ လွယ်လွယ်ကူကူ ဖြစ်လာခဲ့ခြင်း မဟုတ်ပါဘူး။ နှစ်ပေါင်းများစွာ ဖြစ်တည်လာခဲ့တဲ့ သံသယတွေ၊ အမုန်းတရားတွေ၊ အာဃာတတရားတွေကို ရိုးသားဖြူစင်မှု၊ စိတ်ရှည်သည်းခံမှု၊ နားလည်ပွင့်လင်းမှု၊ အပြန်အလှန်လေးစားမှုတို့နဲ့ အချိန်ယူတည်ဆောက်ခဲ့ရတာ ဖြစ်ပါတယ်။ ဒါကြောင့် တည်ဆောက်ပြီးသော ခိုင်မာတဲ့စာချုပ်တစ်ခုရဲ့ တန်ဖိုးအနှစ်သာရကို ပိုမိုပီပြင်လာအောင် ဝိုင်းဝန်းဆောင်ရွက်ကြဖို့လို ❞**


စာမျက်နှာ ၁၅ သို့ ☆

# ရေကြောင်းလုံခြုံရေးပင်လယ်ပြင်လေ့ကျင့်ခန်း (Maritime Security Exercise) ဆောင်ရွက်စဉ် ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာခြင်း

၁။ ရေကြောင်းလုံခြုံရေး ပင်လယ်ပြင်လေ့ကျင့်ခန်းအား ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်ထိကာလအတွင်း ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းရေပြင်၌ ရေပြင်၊ ဝေဟင်၊ ရေအောက် လေ့ကျင့်ခန်းများနှင့် လက်တွေ့ပစ်ခတ်ခြင်းများ(Live Firing)ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ လေ့ကျင့်ခန်းဧရိယာအဖြစ် Point A မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်၊ Point B မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point C မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၀ မိနစ်၊ Point D မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၄၀ မိနစ်စသည့် Coordinates အမှတ်များ ဆက်ဆွဲထားသည့်ဧရိယာအား သတ်မှတ်ထားရှိပြီး ရေကြောင်းသတိပေးချက်နှင့် လေကြောင်းသတိပေးချက်တို့အား ထုတ်ပြန်ကြေညာထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ လေ့ကျင့်ခန်းဆောင်ရွက်စဉ်ကာလအတွင်း ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အဆိုပါဧရိယာမှ ၅ မိုင်ပတ်လည်အား သင်္ဘောကြီး/ငယ်များ၊ ကုန်တင်/စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများချထားခြင်း မရှိစေရန်နှင့် လေယာဉ်၊ ရဟတ်ယာဉ်များ အမြင့်ပေ ၁၅၀၀၀(တစ်သောင်း ငါးထောင်) အောက် ဖြတ်ကျော်ပျံသန်းခြင်းမပြုကြရန် အသိပေးကြေညာအပ်ပါသည်။

**ရေကြောင်းသတိပေးချက်ထုတ်ပြန်မည့်ဧရိယာ**




## မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်းတို့မှ ပုသိမ်လေဆိပ်သို့ လေယာဉ်ခရီးစဉ်များ စတင်ပျံသန်းပြေးဆွဲမည့်အစီအစဉ် အသိပေးကြေညာခြင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်လေဆိပ်သို့ ၁၃-၁၀-၂၀၂၄ ရက်မှစတင်၍ မြန်မာအမျိုးသားလေကြောင်းနှင့် အပြည်ပြည်ဆိုင်ရာမြန်မာလေကြောင်း လိုင်းတို့က အောက်ဖော်ပြပါ ခရီးစဉ်များအတိုင်း ရက်သတ္တပတ်လျှင် ၄ ရက် ပျံသန်းပြေးဆွဲရန် စီစဉ်ဆောင်ရွက်ထားရှိပါသည် -

| စဉ် | လေကြောင်းလိုင်း | ခရီးစဉ် | နေ့ရက် |
|---|---|---|---|
| (က) | မြန်မာအမျိုးသားလေကြောင်း | ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေး | တနင်္ဂနွေ |
| | | မန္တလေး-ညောင်ဦး-ပုသိမ်-ရန်ကုန် | တနင်္လာ |
| ( ခ ) | အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း | ရန်ကုန်-ပုသိမ်-ညောင်ဦး-မန္တလေး | ကြာသပတေး |
| | | မန္တလေး-ညောင်ဦး-ပုသိမ်-ရန်ကုန် | သောကြာ |

အဆိုပါ ခရီးစဉ်ဒေသများသို့ သွားရောက်လိုသည့် ခရီးသွားပြည်သူများအနေဖြင့် ခရီးစဉ်ပြေးဆွဲနေမှုအခြေအနေအား သိရှိနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**

☆ စာမျက်နှာ ၁၄ မှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟာ တိုင်းရင်းသားလူမျိုးစု မြောက်မြားစွာရှိတဲ့ ပြည်ထောင်စုနိုင်ငံဖြစ်ပြီး တိုင်းရင်းသားလူမျိုးများအားလုံးရဲ့ သွေးစည်းညီညွတ်ရေးကို တည်ဆောက်နိုင်မှသာလျှင် တိုင်းရင်းသားလူမျိုးအားလုံး ကောင်းစားရေးအတွက် အာမခံနိုင်တဲ့နိုင်ငံကို ထူထောင်နိုင်မှာဖြစ်ပါတယ်။ မိမိတို့နိုင်ငံ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးဆိုတဲ့ တံတားပေါ်မှတစ်ဆင့် လျှောက်လှမ်းရမှာဖြစ်ကြောင်း အသိပေးလိုပါတယ်။

NCAရဲ့ အနှစ်သာရဟာဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှရှိမှုနဲ့ တရားမျှတမှုတို့ကို အခြေခံပြီး ပြည်ထောင်စုစိတ်ဓာတ်နဲ့ အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွေ အာမခံချက်အပြည့်အဝရှိတဲ့ ဖက်ဒရယ်နဲ့ ဒီမိုကရေစီစနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်တွေနဲ့အညီ တည်ဆောက်ဖို့ပဲ ဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ လက်ထက်မှာလည်း နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့၊ NCA လက်မှတ်မရေးထိုးထားရသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း သုံးဖွဲ့နဲ့ နိုင်ငံရေးပါတီတို့ တွေ့ဆုံဆွေးနွေးခဲ့ကြပါတယ်။ ဒီလို တွေ့ဆုံဆွေးနွေးရာမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှာ ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ် ခိုင်မာစေရေးအတွက် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည်၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ်တဲ့ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်မည်၊ ပြည်ထောင်စုငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လက်တွဲပူးပေါင်းအကောင်အထည်ဖော်မည်ဆိုတဲ့ အချက်တွေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပြင်ဆင်နိုင်ရေးအတွက် ပုဒ်မများမှ ၂၁ ချက်တို့ကို သဘောတူညီခဲ့ကြကြောင်း နိုင်ငံတော်ရဲ့ ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက ၂၀၂၃ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှာ ကျင်းပခဲ့သော ငြိမ်းချမ်းရေးနဲ့စပ်လျဉ်းတဲ့ သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တာကို တွေ့မြင်ရမှာဖြစ်ပါတယ်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ စကားဝိုင်းတွေမှာ အကြိတ်အနယ်ငြင်းခုံမှုတွေ၊ အချေအတင် ပြောဆိုဆွေးနွေးမှုတွေ၊ ရပ်တည်ချက်တွေ၊ မူဝါဒစကားလုံးအသုံးအနှုန်းတွေ၊ အပေးအယူ အလျှော့အတင်းတွေရှိလာနိုင်ပါတယ်။ ဘယ်လိုပဲရှိစေကာမူ ဒီလိုဆွေးနွေးမှုတွေကတစ်ဆင့် ရလဒ်ကောင်းတွေကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်ပတ်သက်တဲ့ အဖွဲ့အစည်းတွေအားလုံး တွေ့ဆုံညှိနှိုင်း အဖြေရှာဖို့လိုပါတယ်။ တွေ့ဆုံညှိနှိုင်း အဖြေရှာခြင်းဆိုတာက ဒီမိုကရေစီကျင့်စဉ်တစ်ခုပဲ ဖြစ်ပါတယ်။ ပဋိပက္ခတွေ အပြီးတိုင်ချုပ်ငြိမ်းဖို့အတွက် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးအဖြေရှာကြရတဲ့ လုပ်ငန်းစဉ်ကသာလျှင် အကောင်းမွန်ဆုံးရလဒ်ကို ဖော်ဆောင်နိုင်မှာဖြစ်ပါတယ်။

NCA ဟာ အပစ်အခတ်ရပ်စဲရေးသာမက လက်နက်ကိုင်ပဋိပက္ခတွေကို နိုင်ငံရေးနည်းလမ်းနဲ့ အဖြေရှာရန်၊ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရန်ဆိုတဲ့ နိုင်ငံရေးအာမခံချက်ကိုလည်း ပေးထားပါတယ်။ နှစ်ပေါင်းများစွာ စစ်ရေးနဲ့ အဖြေရှာခဲ့ပေမယ့် အောင်မြင်မှုမရခဲ့တဲ့အတွက် နိုင်ငံရေးအရ ဆွေးနွေးအဖြေရှာရမယ့် နိုင်ငံရေးပြဿနာတွေ ဖြစ်တယ်လို့ နိုင်ငံတော်အစိုးရနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေက နှစ်ဦးနှစ်ဖက် လက်ခံခဲ့ကြပါတယ်။ ဒါ့အပြင် တွေ့ဆုံဆွေးနွေးမှုတွေကတစ်ဆင့် သဘောတူညီချက်တွေရယူပြီး ယုံကြည်မှုတိုးမြှင့်တည်ဆောက်ဖို့၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိပြီး ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်နိုင်ရေးအတွက် အစိုးရနဲ့ EAO တွေ စိတ်ရင်းစေတနာမှန်နဲ့ အကျေအလည် ဆွေးနွေးမှုတွေ ဆက်လက်ဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ အမျိုးသားနိုင်ငံရေး အတွေးအမြင် ကြွယ်ဝသော၊ နိုင်ငံသားသစ္စာတရား ပြည့်ဝသော၊ နိုင်ငံကြီးသား စိတ်ထားရှိသော၊ ပြည်ထောင်စုစိတ်ဓာတ်ကိန်းဝပ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံသားတွေအဖြစ်ခံယူပြီး နိုင်ငံနဲ့လူမျိုးအပေါ် ချစ်ခင်စိတ်နဲ့ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ကတစ်ဆင့် ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးကို ဦးတည်ဆောင်ရွက်ကြဖို့ လိုအပ်ပါတယ်။

**'ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်'** ဆိုတဲ့စကားအတိုင်း ပြည်ထောင်စုဖွား တိုင်းရင်းသားတွေအားလုံး တက်ညီလက်ညီ အားလုံးပူးပေါင်းပါဝင်စေလိုပါတယ်။ ပါဝင်ပတ်သက်သူအားလုံး စိတ်ရင်းစေတနာမှန်မှန်နဲ့ ငြိမ်းချမ်းရေးပန်းတိုင်ကို အတူလျှောက်လှမ်းကြဖို့ လိုအပ်ပါတယ်။ ငြိမ်းချမ်းမှ တိုးတက်မယ်၊ ငြိမ်းချမ်းမှလည်း အောင်မြင်မှာဖြစ်ပါတယ်။ နောင်လာမယ့် မျိုးဆက်သစ်တွေရဲ့ အနာဂတ်ကို လက်နက်ကိုင်ပဋိပက္ခတွေကြားမှာ မနစ်မွန်းစေဘဲ စည်းလုံးညီညွတ်ခြင်း၊ ပျော်ရွှင်ခြင်းနဲ့ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းခြင်းတွေကို အမွေပေးခဲ့ကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း NCA (၉) နှစ်မြောက် နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါတယ်။ ။

# ကျုံပျော်မြို့နယ်၌ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး တောင်သူများနှင့် နည်းပညာနှီးနှောဖလှယ်ပွဲ ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၄**

စက်တင်ဘာလ ဒုတိယပတ်တွင် ဖြစ်ပေါ်ခဲ့သော မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သည့်သီးနှံများ အချိန်မီပြန်လည်စိုက်ပျိုးနိုင်ရေးနှင့် ထိခိုက်မှုမရှိခဲ့သည့် ဧရိယာများမှ စပါး၊ ပဲ၊ ဝါ၊ ဆီထွက်သီးနှံများ အထွက်နှုန်း တိုးတက်စေရေးအတွက် တောင်သူများနှင့် နည်းပညာနှီးနှောဖလှယ်ပွဲကို ယမန်နေ့က ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်၌ ကျင်းပသည်။

နည်းပညာနှီးနှောဖလှယ်ပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနတို့မှ သုတေသီများနှင့် မျိုး၊ မြေ၊ ရေ၊ နည်းပညာရှင်များ၊ တိုင်းဒေသကြီး၊ ခရိုင် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျုံပျော်၊ ငပုတော၊ ကျောင်းကုန်း၊ ရေကြည်နှင့် ပန်းတနော်မြို့နယ်တို့မှ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ကြသည်။

နှီးနှောဖလှယ်ပွဲတွင် ဒုတိယဝန်ကြီးက တောင်သူများအနေဖြင့် မိမိတို့ပိုင်ဆိုင်သော လယ်ယာမြေစီမံခန့်ခွဲရာတွင် အထူးသဖြင့် အထွက်နှုန်း ပိုမိုရရှိရန် ရေသည် အရေးကြီးသကဲ့သို့ မြေဆီလွှာကျန်းမာရေးကောင်းမွန်စေရန် သဘာဝမြေဩဇာများ ပြုလုပ်ထည့်သွင်းအသုံးပြုပေးခြင်း၊ နွားချေးများ ထည့်ပေးခြင်း၊ သစ်စိမ်းမြေဩဇာစိုက်ပေးခြင်း စသည်ဖြင့် ပြန်လည်ထိန်းသိမ်းခြင်းများသည်လည်း အရေးကြီးကြောင်း၊ ထို့အတူ မိတ်ဆွေပိုးများကို ဆွဲဆောင်နိုင်သည့် နေကြာကဲ့သို့ သီးနှံများစိုက်ပျိုးခြင်းဖြင့် ဂေဟစနစ်ကိုလည်း ပြန်လည်ထိန်းညှိပေးနိုင်မည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် ရာသီဥတုသည် သဘာဝ၊ အခက်အခဲသည် သာမည၊ နည်းပညာသည် အဓိကဆိုသည့်အတိုင်း နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အကြားအလပ်မရှိ အားလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ သီးနှံမျိုးပညာရှင်များ၊ မြေဆီလွှာပညာရှင်များ၊ သီးနှံကာကွယ်ရေး ပညာရှင်များက စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ စသည့် သီးနှံမျိုးများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြေဆီလွှာယိုယွင်းမှုအပေါ်ကာကွယ်ထိန်းသိမ်းနည်းများ၊ ဂေဟစနစ်ပြန်လည်ကောင်းမွန်လာစေရေးအတွက် ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းနည်းများ၊ ပေါင်းမြက်ကာကွယ်နည်းများကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် တောင်သူများနှင့်အုပ်စုဖွဲ့ကာ သက်ဆိုင်ရာဘာသာရပ်အလိုက် ဆွေးနွေးကြပြီး အုပ်စုအလိုက်ဆွေးနွေးရရှိချက်များကို ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ဂုန်မင်းကျေးရွာအုပ်စုရှိ ရေကြီးနစ်မြုပ်၍ ပြန်လည်စိုက်ပျိုးသည့် စပါးခင်းအား သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ ကြဲပက်ထားရှိမှု အခြေအနေများကို မေးမြန်းပြီး သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာ၊ ပေါင်းနှိမ်နင်းခြင်း၊ ရောဂါကျရောက်မှုအခြေအနေများအပေါ် ဆောင်ရွက်သင့်သည်များ ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွင်းယားအရှေ့ကျေးရွာအုပ်စု မိုးစပါး တစ်ဧက တင်း ၁၀၀ အထက် ထွက်ရှိရေး မျိုးစေ့ထုတ်စံပြကွက်ကို ကြည့်ရှုစစ်ဆေးပြီး ကွင်းယားကြီးခန်းမ၌ ဒေသခံတောင်သူများ ပညာရှင်ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ပဲမျိုးစုံသီးနှံ၊ ဆီထွက်သီးနှံ၊ သီးနှံကာကွယ်ရေး၊ မြေဆီလွှာထိန်းသိမ်းရေးဆိုင်ရာများနှင့် လာမည့်နှစ်တွင် စပါးနှင့် နေကြာ၊ ပဲပုပ်သီးနှံများ ထည့်သွင်းစိုက်ပျိုးရန် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကင်းမြို့နယ်၌ (၄၉) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၄**

ရန်ကုန် တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၅) ရပ်ကွက် ဓမ္မိကဓမ္မာရုံတွင် အောက်တိုဘာ ၁၃ ရက် နံနက် ၉ နာရီက (၄၉) ကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို ကျင်းပသည်။

အခမ်းအနားတွင် အမှတ် (၅) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး သက်ကြီးပူဇော်ပွဲ ကျင်းပရေးကော်မတီအတွင်းရေးမှူး ဦးဇော်မင်းထွန်းက ဘဏ္ဍာရေးဆိုင်ရာ ရ/သုံးငွေစာရင်းကို ဖတ်ကြားသည်။ ထို့နောက် ရပ်ကွက်အတွင်းရှိ အသက် ၇၅ နှစ်အထက် ဘိုးဘွား ၁၈၀ အား ကန်တော့ခံငွေများနှင့် ကန်တော့ခံပစ္စည်းများ ပေးအပ်လှူဒါန်းပြီး တစ်ဦးချင်း အလှူရှင်များ၏ ကန်တော့ခံငွေများကို စာရေးတံမဲနှိုက်လှူဒါန်းပေးအပ် ကန်တော့ခဲ့ကြကြောင်း သိရသည်။

**လှလှထွေး**



# မိုးညိုမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူပြီးစီး

**မိုးညို အောက်တိုဘာ ၁၄**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို အောက်တိုဘာ ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၁၂ ရက် ညနေ ၄ နာရီတွင် ကောက်ကွက်အားလုံး (၄၃၅ ကွက်)ကို ရာနှုန်းပြည့် ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။



သန်းခေါင်စာရင်း ကောက်ယူရာတွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးဖြိုးဝေလင်းနှင့် အဖွဲ့ဝင်များ၏ ကြီးကြပ်မှုဖြင့် စာရင်းစစ်၊ စာရင်းကောက် ၁၆၄ ဦးက ရပ်ကွက်ငါးခုနှင့် ကျေးရွာအုပ်စု ၃၇ စု၊ ကျေးရွာပေါင်း၂၀၁ ရွာရှိ ကောက်ကွက်ပေါင်း ၄၃၅ ကွက်တို့၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ အဆင်ပြေစွာ ကောက်ယူပြီးစီးခဲ့ကြောင်း သိရသည်။

**ကိုမင်း(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၅-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၁၀၀ | ၃၁၈၀ | ၃၁၅၅ | ၃၁၁၀ | ၃၁၈၀ | ၃၁၉၅ | ၃၂၀၅ | ၃၁၆၀ | ၃၂၉၀ | ၃၃၁၅ | ၃၁၇၀ | ၃၁၈၅ | ၃၂၂၀ | ၃၂၀၅ | ၃၂၂၀ | ၃၆၂၀ | ၄၂၅၀ |
| 95 Ron | ၃၃၀၅ | ၃၃၉၀ | ၃၃၆၅ | ၃၃၁၅ | ၃၃၉၀ | ၃၄၀၀ | ၃၄၁၅ | ၃၃၇၀ | ၃၄၉၅ | ၃၅၂၅ | ၃၃၈၀ | ၃၃၉၅ | ၃၄၂၅ | ၃၄၁၅ | ၃၄၂၅ | ၃၈၃၀ | ၄၄၀၀ |
| HSD (500 ppm) | ၂၆၉၀ | ၂၇၇၀ | ၂၇၄၅ | ၂၇၀၀ | ၂၇၇၀ | ၂၇၈၅ | ၂၇၉၅ | ၂၇၅၀ | ၂၈၇၅ | ၂၉၀၅ | ၂၇၆၀ | ၂၇၇၅ | ၂၈၀၅ | ၂၇၉၅ | ၂၈၀၅ | ၃၂၁၀ | ၄၂၅၀ |
| HSD (50 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၅၀ |
| HSD (10 ppm) | ၃၃၄၀ | ၃၄၂၀ | ၃၃၉၅ | ၃၃၅၀ | ၃၄၂၀ | ၃၄၃၅ | ၃၄၄၅ | ၃၄၀၀ | ၃၅၃၀ | ၃၅၆၀ | ၃၄၁၀ | ၃၄၂၅ | ၃၄၆၀ | ၃၄၄၅ | ၃၄၆၀ | ၃၈၆၀ | ၄၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၉၄၀ | ၃၀၃၂ |
| 95 Ron | ၃၁၄၁ | ၃၂၃၈ |
| HSD (500 ppm) | ၂၅၄၁ | ၂၆၂၂ |
| HSD (50 ppm) | ၃၁၇၃ | ၃၂၆၆ |
| HSD (10 ppm) | ၃၁၇၃ | ၃၂၆၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ကျောက်တလုံးကြီးမြို့၌ သန်းခေါင်စာရင်း ၉၈ ရာခိုင်နှုန်း ကောက်ယူပြီးစီး

**ကျောက်တလုံးကြီး အောက်တိုဘာ ၁၄**

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျောက်တလုံးကြီးမြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ယနေ့နံနက်ပိုင်းတွင် မြို့နယ်အဆင့် စာရင်းစစ်/ စာရင်းကောက်များက ဆက်လက်ကွင်းဆင်းကောက်ယူလျက်ရှိသည်။

ကျောက်တလုံးကြီးမြို့တွင် ရပ်ကွက်ခြောက်ရပ်ကွက်၊ ကျေးရွာအုပ်စုခုနစ်အုပ်စု၌ ကောက်ကွက်ပေါင်း ၁၁ ကွက်ရှိပြီး စာရင်းစစ်/စာရင်းကောက် ၅၅ ဦး၊ စာရင်းကောက်အဖွဲ့ ၁၁ ဖွဲ့တို့က အောက်တိုဘာ ၁ ရက်မှစတင်၍ ရပ်ကွက်/ကျေးရွာများတွင် CAPI နည်းပညာဖြင့် တက်ဘလက် အသုံးပြုပြီး ကောက်ယူလျက်ရှိရာ ယနေ့အထိ ၉၈ ရာခိုင်နှုန်း ကောက်ယူပြီးဖြစ်ကြောင်း သိရသည်။ **ဇော်နိုင်လင်း**



# နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း တပ်ကုန်းမြို့နယ်အတွင်း အမှိုက်များ ရှင်းလင်းနေမှု ကြည့်ရှုအားပေး ပျက်စီးသွားခဲ့သော အိမ်ထောင်စုလူဦးရေစာရင်းများ ပြန်လည်ပေးအပ်

တပ်ကုန်း အောက်တိုဘာ ၁၄

နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်းသည် ပြည်ထောင်စုနယ်မြေ နေပြည်တော် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်ဆွေ၊ ဥတ္တရခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီက ရှောက်ကုန်းကျေးရွာအုပ်စု နောင်ခမ်းကျေးရွာ၌ ချမ်းမြေ့ရိပ်သာ ပရဟိတအဖွဲ့ဝင်များနှင့် ကျေးရွာသူကျေးရွာသားများ စုပေါင်းပြီး ရေဘေးသင့် အိမ်ခြံဝင်းများ၊ လမ်းများအတွင်းရှိ အမှိုက်၊ ရွှံ့နွံနှင့်သစ်တိုသစ်စများ ဖယ်ရှားရှင်းလင်းနေမှုနှင့် ဘုရင့်နောင်ရပ်ကွက် (ပိန်းတော)တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ၂၀၀ ဖြင့် လမ်းများနှင့် လမ်းဘေးဝဲ/ယာ နေအိမ်ခြံဝင်းများအတွင်း သန့်ရှင်းရေးဆောင်ရွက်နေမှုတို့ကို ကြည့်ရှုအားပေး၍ ရွှေဖီဦးလက်ဖက်ရည်ထုပ်များ ထောက်ပံ့ပေးအပ်ခဲ့သည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် နေပြည်တော်ကောင်စီဝင် ဦးဇေယျာလင်း၊ နေပြည်တော်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်ဆွေနှင့်တာဝန်ရှိသူများသည် ရှောက်ကုန်းကျေးရွာ မဟာအောင်မြေဘုန်းကြီးကျောင်း ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တ ဝိစာရိန္ဒအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လက်ပံကုန်းကျေးရွာတွင် ရေဘေးကြောင့် ပျက်စီးခဲ့သည့် အိမ်ထောင်စု ၈၅ စု၊ မြဝတီရပ်ကွက်တွင် ရေဘေးကြောင့် ပျက်စီးခဲ့သည့် အိမ်ထောင်စု ၁၀၄ စုနှင့် အဆုံ(ဇီးကုန်း)ကျေးရွာမှ အိမ်ထောင်စု ၁၈၄ စုတို့အတွက် အိမ်ထောင်စုလူဦးရေစာရင်း ပုံစံ (၆၆)/၆ အသစ်များ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

တင်စိုးလွင်



# မြန်မာနိုင်ငံ တရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းက ရေဘေးသင့်ဒေသများသို့ ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော်လှူဒါန်း

ရန်ကုန် အောက်တိုဘာ ၁၄

မြန်မာနိုင်ငံရှိ တရုတ်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (China Enterprises Chamber of Commerce in Myanmar – CECCM) နှင့် အဖွဲ့ဝင်များ၊ အဖွဲ့အစည်းများနှင့် တရုတ်စီးပွားရေးလုပ်ငန်းရှင်များက မြန်မာနိုင်ငံအတွင်း ရာဂီမုန်တိုင်း၏အရှိန်ကြောင့် သဘာဝဘေးဒဏ် ခံစားခဲ့ရသော ဒေသများသို့ ငွေကျပ်သိန်းပေါင်း ၁၀၀၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံး၏ ပံ့ပိုးကူညီမှုဖြင့် CECCM ကဦးဆောင်ကာ တရုတ်ကုမ္ပဏီများနှင့် လူပုဂ္ဂိုလ်များက သဘာဝဘေးဒဏ် ခံစားခဲ့ရသော ပြည်သူများအား ကူညီထောက်ပံ့ပေးရန် နည်းလမ်းမျိုးစုံဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကယ်ဆယ်ရေးပစ္စည်းများဖြင့်သော်လည်းကောင်း၊ ငွေသားဖြင့်သော်လည်းကောင်း သွားရောက်လှူဒါန်းခဲ့ရာ သဘာဝဘေးဒဏ်သင့်ဒေသရှိ ပြည်သူများ၏ အခက်အခဲများကို ကျော်လွှားနိုင်ရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ကူညီပေးနိုင်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၁၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ ကျေးရွာများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်အတွင်းရှိ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့်နုန်းများ၊ သစ်ပင်သစ်ကိုင်းများ ဖယ်ရှားပေးခြင်း အပါအဝင် အခြား လိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်း ကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်မြို့နယ် အတွင်းရှိ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက လွိုင်လင်မြို့ရှိ မင်္ဂလာအနောက်ကျောင်းတိုက်၌ သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားပြီး ရေဘေးသင့် ပြည်သူများအား ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်ကာ လွိုင်လင်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တပညာဗလအား ဖူးမြော်၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။


သတင်းစဉ်



# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၁၅ ရက်တွင် ပိုမို အားကောင်းလာနိုင်ကာ အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်တွင် အနောက် - အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အိန္ဒိယနိုင်ငံ တမီးနာဒူးလ် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အင်ဒရာပရာဒေ့ရှ် တောင်ပိုင်းကမ်းခြေတို့သို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။




မိုး/ဇလ

# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားကပြည်သူ့စကား" အစီအစဉ်မှ **"တိုင်းပြည်တည်ငြိမ်မှာကို မလိုလားသူများက သန်းခေါင်စာရင်း ကောက်ခံသူတွေကို ဒုက္ခပေးနေ"** ခေါင်းစဉ်ဖြင့် ၁၆- ၁၀-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည် ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးအကြောင်းပြ စတေးခံPDF အကြမ်းဖက်သမားများ၏ ဘဝနှင့် ကိုယ်ကျိုးရှာ အလှူခံ ပြည်ပသို့ရွှေ့ပြောင်းသူများရဲ့တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ မနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ ပါဝင်နိုင်ပြီ ဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၂) ဖွင့်ပွဲအခမ်းအနား ကျင်းပ




ရန်ကုန် အောက်တိုဘာ ၁၄

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၂)၏ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) ရတနာသိင်္ဃခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးကျော်ထွေး၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား/စီမံဌာနများမှ ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ် ဦးကျော်ထွေးက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် ဝန်ကြီးဌာန အဖွဲ့အစည်းအသီးသီးတွင် အလယ်အလတ်အဆင့် အရာထမ်းများအဖြစ် အဓိကကဏ္ဍမှ တာဝန်ယူဆောင်ရွက်ကြရသည့် အရာထမ်းများ၏ အရည်အသွေးတိုးတက်ပြီး ပေးအပ်သောတာဝန်များကို ခံယူချက်၊ ယုံကြည်ချက်ခိုင်မာစွာဖြင့် ကျေပွန်စွာ ထမ်းဆောင်နိုင်စေရန်၊ နိုင်ငံတော်အတွက် အားကိုးယုံကြည်ရပြီး အနာဂတ်တွင် အဆင့်မြင့်တာဝန်များကို ထမ်းဆောင်နိုင်စေရန် ရည်ရွယ်လေ့ကျင့်ပေးခြင်းဖြစ်ပါကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့သည် နိုင်ငံ့ဝန်ထမ်းများကို လေ့ကျင့်ပေးရာတွင် သမိုင်းကြောင်း အတွေ့အကြုံပေါ်မူတည်ပြီး **ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်**ဆိုသည့် ဆောင်ပုဒ်နှင့်အညီ နိုင်ငံ့ဝန်ထမ်းများ စွမ်းရည်မြင့်မားရေး၊ ခေတ်နှင့်အညီ ပြောင်းလဲလာသည့် စီမံခန့်ခွဲရေးဆိုင်ရာ အယူအဆနှင့် အတွေ့အကြုံများကို လေ့လာသိရှိပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ထိရောက်ထက်မြက်စွာ ဆောင်ရွက်တတ်စေရန်၊ နိုင်ငံ့ဝန်ထမ်းများ သိရှိလိုက်နာရမည့်ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ၊ ကောင်းမွန်သောအုပ်ချုပ်ရေးနှင့် ခေါင်းဆောင်မှုသဘောတရားများကို သိရှိနားလည်စေရန်၊ ပြည်တွင်း၊ ပြည်ပနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို လေ့လာဆည်းပူးနိုင်စေရန် ဦးတည်လေ့ကျင့်ပေးလျက်ရှိပါကြောင်း၊ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်များဖြစ်ကြသဖြင့် ကောင်းမွန်၍ စွမ်းရည်ထက်မြက်သော လူကောင်းလူတော်များ ဖြစ်လာစေရန်၊ မိမိတို့၏ အတွေးအခေါ်နှင့် ခံယူချက်များကို လိုက်လျောညီထွေရှိအောင် ပြုပြင်ပြောင်းလဲကြရန်၊ မိမိတို့လေ့လာရရှိသည့် ပညာဗဟုသုတ၊ အသိပညာ၊ အတတ်ပညာများကို လက်အောက်ဝန်ထမ်းများအား ဆက်လက်မျှဝေပေးကြရန် တိုက်တွန်းမှာကြားသည်။

အလယ်အလတ်အဆင့် အရာထမ်းသင်တန်း အမှတ်စဉ်(၁၂)ကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၀၂၅ ခုနှစ် မတ် ၅ ရက်အထိ သင်တန်းသား ၄၇ ဦး၊ သင်တန်းသူ ၅၄ ဦး စုစုပေါင်း ၁၀၁ ဦးဖြင့် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၁၄

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာ ၁၄ ရက်တွင် ပေါင်းလောင်းရေလှောင်တမံ၌ ၃ ဒသမ ၇၀ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုည ဒသမ ၃၃ ပေ တိုးလာခြင်းဖြစ်သည်။ ရေပိုလွှဲ၏ ကန်ရေပြည့်ရေမှတ်အထက်တွင် HED ရေတံခါး(၄)ချပ် ထောင်ထားသည်။

အဆိုပါရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိပြီး စိုးရိမ်ရန်မရှိကြောင်း သိရသည်။

**သတင်းစဉ်**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ ၁၄-၁၀-၂၀၂၄
(၆:၀၀)နာရီ

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

**အကြောင်းအရာ ။** ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၁၄.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေ ပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင် ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေ ပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၀.၃၆ | ၂၇၃၆၆၀ | ၂၄၅၅၅ | ၆၂၇.၀၉ | ၅၆၅၂၇၀ | ၁၃၂၁၄ (လျှပ်စစ်) ထုတ်ရေ) | - | - | ၃.၇၀ | ၉၈၈၆ | - | ၆၂၆.၇၆ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၃၉ | ၆၂၆.၀၈ | ၂၇၃၃၂ | - | ၈.၉၂ | ၉၁၆၈ | - | - | - | ၆၂၆.၀၅ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၁၂ | ၅၁၉.၀၀ | ၈၉၀၄၀ | ၂၇၂ | ၁.၀၀ | ၂၇၃၀ | - | - | - | ၅၁၉.၀၀ |
| ၄ | ဖောင်းလောင်းတမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၀၉.၃၅ | ၁၀၃၇၅ | ၇ | ၂.၆၅ | ၁၈၈၂ | - | - | - | ၅၀၉.၄၀ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၂၂၂ | ၄၃၈.၃၂ | ၇၀၉၆၀ | ၃၃၈ | ၀.၆၈ | ၂၀၄၀ | - | - | - | ၄၃၈.၄၄ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၃၆ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၄.၉၅ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၁ | ၄၁၆.၁၇ | ၇၆၈၅ | ၁၁ | ၁.၈၃ | ၁၀၃၃ | - | - | - | ၄၁၆.၂၁ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၂၅ | ၇၀၃.၅၉ | ၁၀၇၉၁၈ | ၂ | ၆.၄၁ | ၃၅၁၇၂ | - | - | - | ၇၀၃.၆၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | - | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၉၃ | ၆၀၁.၉၀ | ၄၉၅ | ၄၁ | ၀.၁၀ | ၅ | - | - | - | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၁၃၂ | ၈၆၃.၉၀ | ၁၀၃၆၆ | ၇၁ | ၆.၁၀ | ၄၂၃၄ | - | - | ၀.၅၄ | ၈၆၃.၈၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

မှတ်ချက် - ပေါင်းလောင်းတမံတွင် HED ရေတံခါးရွက် (၁၀)ချပ် ထောင်ထားပါသည်။

# မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအနီး နွားကျောင်းနေသည့် ကလေး ၁၀ ဦးနှင့် အုတ်ဖိုမြို့နယ် ဝိုင်းကျေးရွာအနီးရှိ ဒေသခံပြည်သူ ၂၀ တို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ဖမ်းဆီးသွားခဲ့သည်ဟု သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဝသုန္ဒရကျေးရွာအနီးတွင် နွားကျောင်းနေသည့် အသက် ၁၅ နှစ်အရွယ် ကလေး ၁၀ ဦးကို အောက်တိုဘာ ၁၁ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးသွားကြောင်း သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများကလုပ်ကြံ ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါ သတင်းနှင့်ပတ်သက်၍ မတ္တရာမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးထံ ဆက်သွယ်မေးမြန်းခဲ့ရာ ၎င်းသတင်းမှာ မှန်ကန်မှုမရှိကြောင်းနှင့် မတ္တရာမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် PDF အမည်ခံအကြမ်းဖက်သမားများက ဝင်ရောက်ဖျက်ဆီးခြင်း၊ ဒေသခံပြည်သူများကို ဖမ်းဆီးခြင်းများ ရှိသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့်နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိပြီး ပြည်သူများအား အကြောင်းမဲ့ ဖမ်းဆီးခြင်းများမရှိကြောင်း သိရသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် ဝိုင်းကျေးရွာ




အနီးတွင် အောက်တိုဘာ ၁၃ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရကြောင်းနှင့် အဆိုပါ တိုက်ခိုက်ခံရမှုကြောင့် ဖြစ်စဉ်ဖြစ်ပွားသည့်နေရာမှ ဒေသခံပြည်သူ ၂၀ ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြောင်းမဲ့ ဖမ်းဆီးသွားသည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် လုံ့ဆော် ဝါဒဖြန့်ဝေလျက်ရှိသည်ကိုတွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ အုတ်ဖိုမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ၎င်းရက်နေ့တွင် ဝိုင်းကျေးရွာအနီး လုံခြုံရေးတပ်ဖွဲ့ဝင်များ မိုင်းဆွဲတိုက်ခိုက်ခံရသည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ခြင်းမရှိကြောင်းနှင့် ဒေသခံပြည်သူများကိုလည်း ဖမ်းဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်နှင့် ဂုဏ်သိက္ခာကျဆင်းစေရန်အတွက် ယခုကဲ့သို့ သတင်းတု၊ သတင်းမှားများဖြင့် မဟုတ်မမှန် လှုံ့ဆော်ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၁၄**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁၃ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့ သည့် “Yu Yu(ပန်ပန်မေမေ)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် အမှတ်(၂)(က)ရပ်ကွက်နေ ယုယုဝင်းအား မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင် မင်္ဂလာဒုံမြို့မ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ်ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘားအံနှင့် တာချီလိတ်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၁၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၃ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် ဘားအံမြို့ အမှတ်(၈)ရပ်ကွက် လုပ်သားလမ်းရှိ ထိန်လင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၈၀၀ ကို လည်းကောင်း၊ ထို့ပြင် ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တွင် အားဂျိုမောင်းနှင်လာသည့်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး အိုက်စ်(မက်သ်အဖက်တမင်း) ကီလို ၅၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



အားဂျိုအား သိမ်းဆည်းရမိသည့် အိုက်စ်(မက်သ်အဖက်တမင်း)များနှင့်အတူ တွေ့ရစဉ်။

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၅-၁၀-၂၀၂၄ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(မေတ္တာသုတ်၊ ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၀၀ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့သို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပေးပို့သည့်မိန့်ခွန်း
- ၀၉:၄၀ Sports Diary
- ၁၀:၃၀ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး
- ၁၀:၅၀ ထူးခြားစုံလင် အာရှပစိဖိတ်အစီအစဉ်
- ၁၃:၃၀ MRTV National News
- ၁၅:၀၅ Weekly MNL Review
- ၁၅:၂၅ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ အကပြိုင်ပွဲ အကဲဖြတ်လုပ်ငန်း အဖွဲ့စကားဝိုင်းဆွေးနွေးပွဲအစီအစဉ်
- ၁၆:၄၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၇:၃၅ သန့်ရှင်းလတ်ဆတ်သော အာဟာရ ဓာတ်ပေးပဲလှမုန့်လေး
- ၁၉:၀၅ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတေး
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၂၂)
- ၁၉:၄၀ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) (၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား (VideoClip)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၂၀ (၂၅)ကြိမ်မြောက်ငွေရတုအထိမ်းအမှတ် အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ(ဒုတိယနေ့)
- ၂၁:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၁၂)
- ၂၂:၂၀ မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ဝင်' (အပိုင်း-၂၁)

### mitv

- 07:01 Evergreen Classic: Mi Ba Kyay Zuu Sat Phuu Bi Lar (Ei Ei Mon)
- 07:09 Myanmar's Traditional Ceramics
- 07:32 Life of A Farmer
- 07:26 Topics Potpourri; The Ostrich Industry in Oudtshoorn
- 08:01 News
- 08:33 Maravijaya Buddha Park New Milestone in History
- 08:54 K- Pop Live Show (You Know Me)
- 09:01 Myanmar Cultural Identities (Kinnari & Kinnara)
- 09:35 Traditional Myanmar Theatrical Performance: Harmonious Performance of Myanmar Orchestra (Hsaing Waing)
- 09:46 Career in Floral Designing: Hsu Yi Win
- 10:01 News
- 10:35 Faces Of ASEAN (Singapore)

### MRTV NRC

**ဝ (၀၆:၀၀ မှ ၀၈:၀၀)**
ထူးဆန်းထွေရာဝဝလေ့ရိုးရာ

**ကချင် (၀၈:၀၀ မှ ၁၀:၀၀)**
ဆိမ်းရောင်ဖြာရွှေလသာ(ဇာတ်လမ်းတို)

**ကယား (၁၀:၀၀ မှ ၁၂:၀၀)**
ဒူးကွင်း(ခေါ်)ကူတိုးဒူပြုလုပ်ပုံ

**ဝကေကရင် (၁၂:၀၀ မှ ၁၃:၀၀)**
အိမ်သန့်ရှင်းရေးအတွက် လိုအပ်သောအရာတံမြက်စည်း

**အနောက်ပိုးကရင် (၁၃:၀၀ မှ ၁၄:၀၀)**
ရောင်စုံပီးကြာခွက်လေးများ

**အရှေ့ပိုးကရင် (၁၄:၀၀ မှ ၁၅:၀၀)**
စွဲမက်စရာဇင်ပြူးသီးတာလပေါ်ဟင်းလျာ

**ချင်း(လိုင်ဇိုး) (၁၅:၀၀ မှ ၁၆:၀၀)**
ဟင်းသီးဟင်းရွက် အခေါ်အဝေါ်များ(အပိုင်း-၁)

**ချင်း(ချိုး) (၁၆:၀၀ မှ ၁၇:၀၀)**
အလင်းရောင်

**မွန် (၁၇:၀၀ မှ ၁၉:၀၀)**
ရာသီအလိုက်မွန်ရိုးရာပွဲတော်များ

**ရခိုင် (၁၉:၀၀ မှ ၂၁:၀၀)**
ရှားစောင်းလက်ပပ်ရဲ့ကျန်းမာရေး

**ရှမ်း (၂၁:၀၀ မှ ၂၃:၀၀)**
လှမ်းခဲ့ပါလေတောင်တိုင်မြေ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၄၅ Save Our Planet Program
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'မမှန်သတင်းပေးခြင်း'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
- ၁၁:၀၀ ရွှေသို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၇)

### MRTV FARMERS' Channel

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ပြည်သူများဘက်စုံကြွယ်ဝစေဖို့မှန်းဆ ရည်ရွယ် Farmers' Channel
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၂၀ Weekly Views Update
- ၁၈:၄၀ Gardeners' World 2023 Eps-2
- ၁၉:၃၀ International Music Hits
- ၂၂:၀၀ ချန်ပီယံလေးများ(ဇာတ်လမ်း)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၄၅ Football Highlights
- ၁၇:၀၀ အားကစားသတင်း
- ၁၈:၀၀ e-Sports

Scan Here
MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်၊ ညနေ (၅)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။



## ကန့်ဘလူခရိုင်၌ မိုးနေကြာစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

**ကန့်ဘလူ အောက်တိုဘာ ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်သည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို အဓိကထား လုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပြီး ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ နေကြာသီးနှံများကိုလည်း စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးမှုအနေဖြင့် ကန့်ဘလူမြို့နယ်တွင် ဧက ၂၆၀၊ ကျွန်းလှမြို့နယ်တွင် ၆၅ ဧက စုစုပေါင်း ၃၂၅ ဧက စိုက်ပျိုးထားသည်။

မိုးနေကြာသီးနှံကို ဇွန်လတွင် စတင်စိုက်ပျိုးပြီး စက်တင်ဘာလတွင် ရိတ်သိမ်းရကြောင်း၊ ဈေးနှုန်းအနေဖြင့် အောက်တိုဘာလ ပထမပတ်တွင် တစ်တင်းလျှင် ငွေကျပ် ၅၀၀၀၀ ဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

ဈေးကွက်အနေဖြင့် နေကြာသီးနှံများကို ကန့်ဘလူမြို့နှင့် ဇီးကုန်းမြို့ပေါ်ရှိ ပွဲရုံများသို့ ရောင်းချကြပြီး ပွဲရုံများမှတစ်ဆင့် ရွှေဘိုမြို့နှင့် မန္တလေးမြို့တို့သို့ တင်ပို့ရောင်းချကြောင်း၊ နေကြာသီးနှံ တစ်ဧကလျှင် ငွေကျပ် ၄၅၀၀၀၀ ခန့် အမြတ်ရရှိပြီး ယခုနှစ်တွင် နေကြာသီးနှံဈေးနှုန်းများ ကောင်းမွန်သည့်အတွက် စိုက်ပျိုးတောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကာ အဆင်ပြေလျက်ရှိကြောင်း သိရှိရသည်။

## ပုထိုးစမ်းကျေးရွာ၌ ပဲလွမ်းသီးနှံများ စတင်စိုက်ပျိုးလျက်ရှိ

**မကွေး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ပုထိုးစမ်းကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိပြီး နှမ်း၊ မြေပဲ၊ ကုလားပဲ၊ ပဲတီစိမ်း၊ မတ်ပဲနှင့် ပဲစင်းငုံ သီးနှံများကို စိုက်ပျိုးလျက်ရှိရာ ပဲလွမ်းသီးနှံ ဧက ၁၅၀၀ ခန့် စိုက်ပျိုးထားသည်။

ပဲလွမ်းသီးနှံကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးပြီး နှစ်လခွဲခန့်အကြာတွင် ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ပဲလွမ်းအဖြူမျိုးနှင့် ပဲလွန်းအနီမျိုးတို့ဖြစ်ပြီး ပဲလွမ်းအဖြူမျိုးကို ကြဲပက်စနစ်ဖြင့် စိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် မျိုးစေ့လေးပြည်ခန့် စိုက်ပျိုးရပြီး စိုက်ပျိုးမှုအတွက် ကုန်ကျစရိတ်အနေဖြင့် မြေပြုပြင်စရိတ်၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် သုံးသိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၂-၁၅ တင်းခန့်ထွက်ရှိပြီး မြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းကွာခြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၆၅၀၀၀ ဖြင့်



အရောင်းအဝယ်ဖြစ်ခဲ့ပြီး တစ်ဧကလျှင် ငွေကျပ် ၄၈၀၀၀၀ ခန့် အမြတ်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် မကွေးမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချကြောင်း သိရသည်။

## မြို့သစ်မြို့နယ်၌ ပဲတီစိမ်းသီးနှံ စိုက်ပျိုးထားရှိမှုနှင့် ဈေးနှုန်းဈေးကွက်

**မြို့သစ် အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိ ကျေးရွာများတွင် နှမ်း၊ မြေပဲ၊ ဆန်စပါး၊ ကြက်သွန်နီနှင့် ပဲမျိုးစုံသီးနှံတို့ကို နှစ်စဉ်



စိုက်ပျိုးလျက်ရှိရာ ပဲတီစိမ်း အများဆုံးစိုက်ပျိုးလျက်ရှိသည့် ငွေလေး၊ ကွင်း၊ ဖန်ခါးပင်၊ စစ်တလင်း စသည့်ကျေးရွာများတွင် စိုက်ပျိုးဧကပေါင်း ၂၅၀ ခန့် စိုက်ပျိုးထားသည်။

ပဲတီစိမ်းသီးနှံကို ဩဂုတ်လနောက်ဆုံးပတ်နှင့် စက်တင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလတွင် ရိတ်သိမ်းကြကြောင်း၊ မျိုးစေ့အနေဖြင့် ပဲတီစိမ်း(ကျောက်စိမ်း)ကို အများဆုံးစိုက်ပျိုးကြကြောင်း၊ တစ်ဧကလျှင် မျိုးစေ့ကိုးပြည်ခန့်ကုန်ကျပြီး ထွန်ကြောင်းဆွဲ၍ ကြဲပက်စနစ်ဖြင့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခ အပါအဝင် တစ်ဧကလျှင် ငွေကျပ် ၅၀၀၀၀၀ ခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ၁၈-၂၀ တင်းခန့် ထွက်ရှိပြီး ဈေးနှုန်းအနေဖြင့် ပဲတီစိမ်းသီးနှံ ပေါ်စအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀-၆၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကာ တစ်ဧကလျှင် ငွေကျပ် ၇၀၀၀၀၀ ခန့် အမြတ်ရရှိကြောင်း သိရသည်။

အောက်တိုဘာလ ပထမပတ်တွင် ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀-၆၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့နှင့် မကွေးမြို့ပေါ်ရှိ ပွဲရုံများသို့ ရောင်းချကြပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ပဲတီစိမ်းသီးနှံများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

## အထက်မင်းလှမြို့နယ်၌ ခရမ်းချဉ်သီးနှံစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

**မကွေး အောက်တိုဘာ ၁၄**

မကွေးတိုင်းဒေသကြီး အထက်မင်းလှမြို့နယ် မယ်ဇလီတောကျေးရွာ၌ နှမ်း၊ နေကြာ၊ ဝါ၊ ကြက်သွန်နီ၊ မြေပဲနှင့် အခြားသီးပင်စားပင်များကို ရာသီအလိုက် စိုက်ပျိုးကြပြီး ခရမ်းချဉ်သီးနှံကိုလည်း ၁၃ ဧက ခန့် စိုက်ပျိုးထားသည်။

ခရမ်းချဉ်သီးနှံကို စက်တင်ဘာလတွင် စတင်စိုက်ပျိုးပြီး သုံးလခန့်အကြာတွင် စတင်ခူးဆွတ်ရကြောင်း၊ မျိုးအနေဖြင့် ထိုင်ဝမ်ခရမ်းချဉ်သီးမျိုးများကို စိုက်ပျိုးကြပြီး တစ်ဧကလျှင် မျိုးစေ့ ခြောက်ထုပ်ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးရာတွင် မျိုးစေ့ကို ပျိုးထောင်ပြီး အပင်သက်တမ်း ၂၅ရက်သားအရွယ်တွင် မြေချ၍ ပေါင်ခတ်စနစ်ဖြင့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ မြေပြုပြင်ခ၊ လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၂၈-၃၀ သိန်းခန့် ကုန်ကျကြောင်း၊ ယခင်နှစ်က တစ်ဧကလျှင် ပိဿာချိန် ၅၀၀၀-၆၀၀၀ ထွက်ရှိပြီး မြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ်မူတည်၍ အထွက်နှုန်းကွာခြားမှုများရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် သီးနှံပေါ်စအချိန်တွင် ခရမ်းချဉ်သီး လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀-၁၈၀၀ ဖြင့် ရောင်းချရပြီး တစ်ဧကလျှင် ငွေကျပ်သိန်း ၃၀ ခန့် အမြတ်ရရှိသည်။

**အောင်မြင်ဖြစ်ထွန်း**

အောက်တိုဘာလ ဒုတိယပတ်တွင် ခရမ်းချဉ်သီး လက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀-၂၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ဈေးကွက်အနေဖြင့် မင်းလှမြို့၊ မင်းဘူးမြို့နှင့် မကွေးမြို့တို့ရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချကြောင်း၊ ယခုအချိန်တွင် ခရမ်းချဉ်စိုက်ခင်းများမှာ အဖူးအပွင့်များဝေဆာ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ ခရမ်းချဉ်သီးနှံပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကောင်းရရှိပါက အကျိုးအမြတ်များ ပိုမိုရရှိနိုင်ကြောင်း တောင်သူတစ်ဦးထံမှ သိရသည်။

**သတင်းရင်းမြစ် - စီးပွား/ကူးသန်း**

### ၁၄-၁၀-၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၅၀၀ | ၂၈၀၀၀ | ၁၀၂၄၇ | ၂၀၀၀၀ | ၈၀၀၀ | ၂၃၀၀၀ | ၁၆၀၀၀ | ၉၀၀၀ | ၁၆၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၁၄၀၀၀ | ၁၁၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၄၅၀၀၀ | ၄၅၀၀၀ | ၂၈၀၀၀ | ၃၀၀၀၀ | ၃၀၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၇၀၀ | ၂၀၀၀၀ | - | ၁၆၀၀၀ | ၄၅၀၀ | ၂၀၀၀၀ | ၁၅၅၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၂၅၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၂၇၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၅၀၀ | ၃၄၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၇၂၇၅ | ၁၇၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၈၅၀၀ | ၈၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၅၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၂၂၀၀၀ | ၂၁၀၀၀ | ၃၁၀၀၀ | ၁၆၀၀၀ |
| ၄ | လွိုင်ကော် | ၅၀၀၀ | | ၉၀၀၀ | ၂၂၀၀၀ | ၈၁၀၀ | ၁၅၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | | ၈၀၀၀ | ၁၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၃၃၀၀၀ | ၁၆၀၀၀ |
| ၅ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၂၅၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၂၀၀၀ | ၉၀၀၀ |
| ၆ | မော်လမြိုင် | ၃၄၀၀ | | ၅၆၀၀ | ၁၉၀၀၀ | ၇၁၈၅ | ၁၂၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၂၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၃၃၀၀၀ | ၁၂၀၀၀ |
| ၇ | ထားဝယ် | ၃၇၀၀ | | ၆၆၀၀ | ၂၀၀၀၀ | ၇၈၀၀ | ၁၆၀၀၀ | ၃၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၂၀၀ | ၈၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | |
| ၈ | မြိတ် | ၃၇၅၀ | | ၆၂၅၀ | ၁၇၀၀၀ | ၈၀၀၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၅၅၀၀ | ၁၉၀၀၀ | ၁၁၅၀၀ | ၈၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၈၀၀ | ၁၈၀၀၀ | ၂၉၀၀၀ | ၂၃၀၀၀ | ၂၅၀၀၀ | |
| ၉ | ရန်ကုန် | ၃၄၀၀ | | ၅၅၀၀ | ၂၂၀၀၀ | ၆၇၀၀ | ၁၅၀၀၀ | ၃၀၀၀ | ၁၉၀၀၀ | ၂၂၀၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၃၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၂၃၀၀၀ | ၂၈၀၀၀ | ၈၀၀၀ |
| ၁၀ | ပုသိမ် | ၃၄၀၀ | | ၅၁၀၀ | ၂၂၀၀၀ | ၇၁၅၀ | ၈၀၀၀ | ၂၆၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၄၀၀ | ၉၀၀၀ | ၇၂၀၀ | ၇၀၀၀ | ၇၅၀၀ | ၅၂၀၀ | ၁၇၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၁၁ | ဟားခါး | | | ၁၀၅၀၀ | ၂၆၀၀၀ | - | ၅၈၀၀၀ | ၆၅၀၀ | ၃၅၀၀၀ | | | ၄၀၀၀ | ၁၄၀၀ | | ၁၅၅၀၀ | | ၆၀၀၀ | ၉၀၀၀ | ၃၃၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၃၀၀၀၀ |
| ၁၂ | မုံရွာ | ၃၇၀၀ | ၃၇၀၀ | ၆၅၀၀ | ၁၄၅၀၀ | ၇၄၀၀ | ၁၅၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၁၀၀ | ၆၇၀၀ | ၅၅၀၀ | ၄၀၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၁၀၀၀ |
| ၁၃ | မန္တလေး | ၄၀၀၀ | | ၆၅၀၀ | ၁၇၀၀၀ | ၇၃၅၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၂၀၀ | ၂၀၀၀၀ | ၂၇၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၅၀၀၀ |
| ၁၄ | ပခုက္ကူ | ၄၀၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၇၅၀၀ | ၁၀၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၅၅၀၀ | ၇၀၀ | ၈၅၀၀ | ၉၀၀၀ | ၇၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၂၁၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၅ | မကွေး | ၄၃၀၀ | | ၆၆၅၀ | ၁၆၀၀၀ | ၇၂၀၀ | ၁၄၀၀၀ | ၂၇၀၀ | ၁၆၀၀၀ | ၁၅၅၀၀ | ၁၀၀၀၀ | ၇၅၀၀ | ၁၂၀၀ | ၇၀၀၀ | ၈၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပြည် | ၃၀၀၀ | | ၅၁၀၀ | ၁၆၀၀၀ | ၇၁၀၀ | ၉၅၀၀ | ၂၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | | ၅၀၀၀ | ၄၅၀ | ၁၀၀၀၀ | ၇၃၀၀ | ၅၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၁၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၇ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၁၀၀ | ၁၀၀၀၀ | ၂၆၀၀ | ၁၂၅၀၀ | ၁၈၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၃၀၀ | ၅၅၀၀ | ၆၂၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၂၁၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၈ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၂၇၀ | ၁၂၅၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၉၂၀၀ | ၃၅၀၀ | ၆၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၅၆၀၀ | ၅၂၀၀ | ၁၇၅၀၀ | ၂၂၀၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၂၀၀၀၀ | ၇၂၇၀ | ၁၃၀၀၀ | ၂၆၀၀ | ၁၄၀၀၀ | ၁၈၅၀၀ | ၁၀၀၀၀ | ၃၈၀၀ | ၆၀၀ | ၉၅၀၀ | ၇၈၀၀ | ၆၅၀၀ | ၅၈၀၀ | ၅၂၀၀ | ၁၈၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၆၀၀ |
| ၂၀ | ကလေး | ၃၈၀၀ | ၃၃၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၇၀၀၀ | ၇၅၀၀ | ၂၅၀၀၀ | ၃၀၀၀၀ | ၂၈၀၀၀ | | ၁၈၀၀၀ |

# ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်




**နေပြည်တော် အောက်တိုဘာ ၁၄**

၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် ပြည့်စုံလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ်၊ ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများ ပေးအပ်ရာ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

အလားတူ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် တက်ရောက်ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ပွဲကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ရန်အောင်မြင်ခန်းမ၌ ကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းမှူးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း တက်ရောက် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသား ကျောင်းသူများအား စာရေးကိရိယာများ ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံရယူကြသည်။

ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

ရတနာ
သစ်တော
ပြည့်သွေးကြော
သစ်တော
ရတနာ
ထိန်းသိမ်းပါ

**အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ် အထက(၁) ကျောင်း Grade-9 မှ ဦးတင်ဝင်း [၉/သစန(နိုင်)၀၇၂၄၃၂] ၏ သား မောင်မြတ်ဖုန်းခန့် အား မောင်မြတ်ဘုန်းခန့် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**★ လန်ပိအဏ္ဏဝါမှ**

" နိုင်ငံခြားသားတွေလာရောက်အပန်းဖြေတဲ့ ဝါးအလယ်ကျွန်း(Wa Ale Resort) အပန်းဖြေစခန်းကို ဒီနှစ်က ရာသီဥတုအခြေအနေကြောင့် အောက်တိုဘာလကုန်ပိုင်းမှာ ဖွင့်မှာပါ။ ပုံမှန်ဆိုရင် အောက်တိုဘာလဆန်းမှာဖွင့်တာပါ။ သစ်တောဦးစီးဌာနကမြေမှာ ငှားရမ်းပြီးဖွင့်ထားတဲ့ အပန်းဖြေစခန်းတစ်ခုလည်း ဖြစ်ပါတယ်။ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ခွင့်ပြုထားတဲ့ ခရီးသွားအေဂျင်စီတွေက ကော့သောင်းကလာတဲ့ နိုင်ငံခြားသားခရီးသွားတွေကို နေ့ချင်းပြန်ခရီးစဉ်အဖြစ် စီစဉ်ပေးလေ့ရှိပါတယ်။ Wa Ale Resort မှာ တည်းခိုတဲ့ နိုင်ငံခြားသားတွေဆိုရင် ဗီဇာပေါ်မူတည်ပြီး တစ်ပတ်၊ ၁၀ ရက်တည်းကြတာများပါတယ်။ ခရီးသွားရာသီ ဖွင့်ပြီဆိုတာနဲ့ နိုင်ငံတကာခရီးသွားတွေ လာရောက်အပန်းဖြေကြတာများပါတယ်။ နိုင်ငံခြားသားတွေ နှစ်ခြိုက်သဘောကျတဲ့ အပန်းဖြေနေရာဆိုရင်လည်း မများပါဘူး။ ဆက်သွယ်ရေးကဏ္ဍ၊ လျှပ်စစ်မီးကဏ္ဍနဲ့ အခြေခံအဆောက်အအုံတွေကို မြှင့်တင်ပေးမယ်ဆိုရင် ဒီဒေသရဲ့ ခရီးသွားလုပ်ငန်းဟာ ပိုပြီးဖွံ့ဖြိုးလာမှာပါ။ အဏ္ဏဝါအမျိုးသားဥယျာဉ်ကြီး ရေရှည်တည်တံ့ဖို့အတွက် ထိန်းသိမ်းမှုနဲ့အတူ စောင့်ကြည့်ခြင်း လေ့လာမှုတွေကို စဉ်ဆက်မပြတ် ဆောင်ရွက်နေပါတယ်"ဟု လန်ပိကျွန်းအဏ္ဏဝါ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

လန်ပိကျွန်းတွင် ခရီးသွားများအနေဖြင့် သစ်တောအလှကိုကြည့်ကာ ကနူးလှေစီးခြင်း၊ တောတွင်းလမ်းလျှောက်၍ ငှက်ကြည့်ခြင်း၊ ရေအောက်အလှနှင့် သန္တာကျောက်တန်းများကို ကြည့်ရှုခြင်း၊ လှိုင်းစီးခြင်းနှင့်ဒိုင်ဗင်ထိုးခြင်း၊ ဆလုံ တိုင်းရင်းသားတို့၏ လူနေမှုဘဝပုံစံကို လေ့လာခြင်း၊ သစ်ပင်နှင့်နို့တိုက်သတ္တဝါများ၊ ကုန်းနေ/ရေနေသတ္တဝါများကို လေ့လာခြင်း၊ ငှက်နှင့် ပင်လယ်ရေမှော်များကိုလေ့လာခြင်းစသည့် နှစ်သက်ရာဝါသနာအလိုက် လေ့လာအပန်းဖြေလေ့ရှိပြီး ပင်လယ်ကမ်းခြေ၏ နူးညံ့သော သဲသောင်မွမွပေါ်တွင် လမ်းလျှောက်ခြင်းနှင့် နေပူစာလှုံခြင်းကိုလည်း ခရီးသွားများ နှစ်သက်လေ့ရှိသည်။


လန်ပိကျွန်း၏ သန္တာကျောက်တန်းများရှင်သန်နေမှုကို တွေ့ရစဉ်။

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သည် အလျားမိုင် ၃၀၊ အနံ ခုနစ်မိုင်ရှိပြီး ရေပျော်ငှက်နှင့် ဒေသမျိုးရင်းငှက် ၂၈၈ မျိုးရှင်သန်ကျက်စားလျက်ရှိရာ ပုလင်းနှုတ်သီးလင်းပိုင်နှင့် အောက်ချင်းငှက်အပါအဝင် ရှားပါးမျိုးစိတ်များ နေထိုင်ကျက်စားမှုကြောင့် ခရီးသွားများလေ့လာစူးစမ်းအပန်းဖြေရာနေရာတစ်ခုအဖြစ် ဆွဲဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်နှင့် ကျွန်းနံသာအမျိုးသားအဏ္ဏဝါဥယျာဉ်ဟူ၍ အဏ္ဏဝါဥယျာဉ်ကြီးနှစ်ခုရှိပြီး လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်သည် အာဆီယံအမွေအနှစ် ဥယျာဉ်ကြီးတစ်ခုအဖြစ် ဂုဏ်ယူစွာတည်ရှိလျက်ရှိကာ အဆိုပါ လန်ပိကျွန်းရှိ ဝါးအလယ်ကျွန်း(Wa Ale Resort) သို့ နှစ်စဉ် နိုင်ငံတကာမှ ခရီးသွားများလာရောက်အပန်းဖြေ လေ့လာကြလျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ(သတင်းစဉ်)**

**ဓာတ်ပုံ - လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်**

## အိတ်ဖွင့်တင်ဒါများတင်သွင်းရန်ဖိတ်ခေါ်ခြင်း

| | |
|---|---|
| ၁။ ခေါ်ယူသည့်တင်ဒါ | - ရန်ကုန်တက္ကသိုလ်ပရဝဏ်အတွင်း (ဘွဲ့နှင်းသဘင်ခန်းမအတွင်းမပါ) ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးရေးလုပ်ငန်း |
| ၂။ တင်ဒါသက်တမ်း | - ၂- ၁၁- ၂၀၂၄ ရက်နေ့မှ ၂၉- ၁၂ - ၂၀၂၄ ရက်နေ့ထိ |
| ၃။ တင်ဒါပုံစံရောင်းချမည့်နေရာ | - ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ဌာန |
| ၄။ တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - ၂၁- ၁၀- ၂၀၂၄ ရက်(တနင်္လာနေ့) ရုံးချိန်အတွင်း |
| ၅။ တင်ဒါပုံစံပိတ်မည့်ရက် | - ၂၅- ၁၀- ၂၀၂၄ ရက်(သောကြာနေ့) ရုံးချိန်အတွင်း |
| ၆။ တင်ဒါတင်သွင်းရမည့်ရက် | - ၂၈- ၁၀-၂၀၂၄ ရက်(တနင်္လာနေ့) |
| ၇။ တင်ဒါတင်သွင်းရမည့်အချိန်၊ နေရာ | - မွန်းလွဲ (၂:၀၀)နာရီ၊ ရန်ကုန်တက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ကောင်စီခန်းမ |

၈။ အသေးစိတ်အချက်အလက်များကို အထက်ပါ တင်ဒါပုံစံ ရောင်းချမည့်နေရာသို့ လူကိုယ်တိုင် စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရန်ကုန်တက္ကသိုလ်**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဦးလွန်းလမ်း၊ အိမ်အမှတ်(၂၀)၊ (၅)လွှာနေ ဦးမောင်ကြီး[၁၂/လမန(နိုင်)၁၂၇၄၂၃]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်ကြီး၏ သားဖြစ်သူ မောင်အောင်ကြီး [၁၂/လမန(နိုင်)၁၅၂၀၁၀]ကိုင်ဆောင်သူသည် မိဘများ၏ ဆိုဆုံးမမှုများကို မနာခံဘဲ မိဘနှင့်ညီအစ်ကိုမောင်နှမများအား အကြိမ်ကြိမ်စော်ကား စိတ်ဒုက္ခပေးမှုများ ပြုလုပ်ခဲ့ပါသဖြင့် ဤသတင်းစာကြေညာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော လူမှုရေးကိစ္စများ၊ ငွေရေးကြေးရေးအရှုပ်အရှင်း ကိစ္စများအားလုံးမှာ မိသားစုနှင့် လုံးဝမသက်ဆိုင်ပါကြောင်းနှင့် တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးမောင်ကြီး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စုရည်လှိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၄၅)**
**အမှတ်(၆၁၀)၊ ဗိုလ်ဆွန်ပက်လမ်း၊ (၃၉/အေ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၂၄၄၉၄၂၂ ၊ ၀၉-၆၉၃၅၆၃၇၈၅။**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ်(၉၀၃)၊ သဇင်မြိုင်လမ်းဟု ခေါ်တွင်သည့် အကျယ်အဝန်း (၀.၀၅၅) ဧကရှိ ဒေါ်ပြုံးမမ [၁၄/အမန(နိုင်)၁၆၈၂၄၈] အမည်ပေါက် နှစ်(၆၀)မြေငှား ဂရန်မြေကွက်နှင့်တကွ နေအိမ်အပါအဝင် အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

အထက်ဖော်ပြပါ မြေကွက်နှင့်တကွ နေအိမ်အပါအဝင် အကျိုးခံစားခွင့်များအား အမည်ပေါက်ထံမှ (၇-၁၀-၂၀၂၄) ရက်စွဲပါစာချုပ်ဖြင့် ဝယ်ယူလက်ရှိထားပိုင်ဆိုင်စီမံလျက် ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုရှိသူ ဒေါ်နီနီမွန် [၁၀/မဒန(နိုင်)၀၆၆၃၄၄]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်ရန်အကြောင်းရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်/စာတမ်း မူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| ဦးမျိုးသန့် (B.A (Law), LL.B) | ဒေါ်ရီ(LL.B) | ဒေါ်ဝင်းဝင်းထက်(LL.B,LL.M) |
|---|---|---|
| (စဉ်-၁၅၇၆) | (စဉ်-၃၈၈၁) | (စဉ်-၁၂၇၆) |

**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်-၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၉၆၅၀၆၄၅၄၅ ၊ ၀၉-၅၀၈၃၅၀၅**

**ရေချွေတာရေး နည်းလမ်းများ**

❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
နီးလမ်းကျ ဂျာနယ်
ထွက်ရှိ



၁၅-၁၀-၂၀၂၄ ရက်နေ့ထုတ် အတွဲ (၂၁)၊ အမှတ် (၂၀) တွင်
- အဘိဓမ္မာအခါတော်နေ့နှင့် ဝါလကင်းလွတ် သီတင်းကျွတ် မီးထွန်းပွဲတော်
- နှစ်တိုတိုဖြင့် အကျိုးဖြစ်ထွန်းမည့် သဘော်ပင်စိုက်ပျိုးနည်း
- ဂေါ်ရခါးပင် စိုက်ပျိုးနည်းအကြောင်း သိကောင်းစရာ
- တစ်နှစ်ပတ်လုံး ရာသီမရွေး စိုက်ပျိုးနိုင်သည့် ပြောင်းပင်
- ဆိတ်မွေးမြူရေးနှင့်ဝဲရောဂါ
- ဝက်နို့ခန်းရောဂါ ဂရုစိုက်ပါ
- ဆောင်းရာသီ၌ ဖြစ်ပွားတတ်သော ခံတွင်းနာများအတွက် အိမ်တွင်းကုထုံး
- ကြက်သွန်ဖြူ စားသုံးခြင်းဖြင့် ကင်ဆာရောဂါကာကွယ်နိုင် စသည်တို့အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသ စုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

**စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ လင်းလွန်းလမ်း၊ အမှတ်(၃၅) ရှိ (၂) ခန်းတွဲ (၇)ထပ်တိုက်၏ ပထမထပ် (၂-လွှာ/အေ)၊ ခေါင်းရင်းခန်း (ယာ)၊ အကျယ်အဝန်း (၁၈ ပေ x ၆၀ ပေ) ခန့်ရှိ ကိုယ်ပိုင်မီတာ(၁)၊ ကိုယ်ပိုင်မော်တာ(၁)၊ ရေမီးစုံပါဝင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဝယ်ယူရန် ကန့်ကွက်နိုင်ပါသည်**

အထက်ပါတိုက်ခန်းအား မြေရှင်များ ဒေါ်ညွှန့်ညွှန့်တင် [၁၂/ကမရ(နိုင်)၀၁၆၆၈၁]ပါ-၆ ဦးနှင့် ကန်ထရိုက်တို့ အကျိုးတူ ကန်ထရိုက်တိုက် ဆောက်လုပ်ရာမှ မြေရှင်ပိုင်ဆိုင်လာသော တိုက်ခန်းဖြစ်ပြီး ညီအစ်ကို မောင်နှမ (၆)ဦး သဘောတူခွဲဝေမှုကြောင့် ဒေါ်ညွှန့်ညွှန့်တင် ပိုင်ဆိုင်လာသော တိုက်ခန်းဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများ အနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာချုပ်စာတမ်း၊ အထောက်အထား မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**Japan – ဘုန်းမြင့် (ငါးသိုင်းချောင်း) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဥ်–၃၁၄၈/၃၁–၅–၁၉၈၅)**
**အမှတ်(၂၂)၊ (၄+၅+၆) လွှာ၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09–767772099, 09–799933939, 09–987869667**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် – ၅ ၊ နည်းဥပဒေ – ၂၀ )
## ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၅၈

**၁။ ဦးထွန်းလွင် နှင့် ဦးဟန်ထွန်း**
**၂။ ဦးဇော်ထူးအောင်**
**(တရားလိုများ) (တရားပြိုင်)**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆) ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ်–(၉၈၆) နေ ဦးဟန်ထွန်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။**

သင့်အပေါ်၌ တရားလိုများက **"ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် (၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၇ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်အမည်ပါသူ တရားလိုများ၏ အဆိုလွှာကိုထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေ တင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအောင်)**
**မြို့နယ်တရားသူကြီး**
**ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)
## မရမ်းကုန်းခရိုင်တရားရုံး
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၁၈၄

ဒေါ်ချောစုကြည် နှင့် ၁။ဒေါ်မျိုးမျိုးသန့်
၂။ဒေါ်ခင်ဌေးမြင့်
**( တရားလို) ( တရားပြိုင်များ)**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ဦးဘိုးမှန်လမ်း၊ အမှတ်–၆၀နေ (၁)တရားပြိုင် ဒေါ်မျိုးမျိုးသန့် (ယခုနေရပ်လိပ်စာမသိသူ) နှင့် ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်–၃၉ နေ (၂)တရားပြိုင် ဒေါ်ခင်ဌေးမြင့် (ယခုနေရပ်လိပ်စာမသိသူ) တို့ သိစေရမည်။**

သင့်အပေါ်၌ တရားလိုက ငွေကျပ်(၃၀,၀၀၀,၀၀၀/–)(သုံးရာသိန်းကျပ်တိတိ)နှင့် နစ်နာကြေးငွေ(၂၁,၆၀၀,၀၀၀/–)ကျပ်(နှစ်ရာ့တစ်ဆယ့်ခြောက်သိန်းတိတိ) စုစုပေါင်း (၅၁,၆၀၀,၀၀၀/–)(ငါးရာတစ်ဆယ့်ခြောက်သိန်းတိတိ)ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့် ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၄ ရက်(၁၃၈၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီ အချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါ နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင်ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင်အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယဉ်သီတာစန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**မရမ်းကုန်းခရိုင်တရားရုံး**

## အသိပေးကြေညာချက်

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာလျက်ရှိသော ခရီးသည်တင် မော်တော်ယာဉ်ကြီးများ မြန်မာနိုင်ငံ အမြန်လမ်းမကြီးများ ဥပဒေနှင့်အညီ စည်းကမ်းတကျသွားလာစေရန်၊ သတ်မှတ်မိုင်နှုန်းအတိုင်း မောင်းနှင်ရန်နှင့် ခရီးသွားမိဘပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန်အတွက် Telematics စနစ်စက်များ တပ်ဆင်ပြီး (၂၄)နာရီပတ်လုံး စောင့်ကြပ်ကြည့်ရှု၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာလျက်ရှိသော ခရီးသည်တင် မော်တော်ယာဉ်ကြီးများ၌ Telematics စနစ်စက်တပ်ဆင်မှုအား စက်တပ်ဆင်ခြင်းနှင့် ပညာပေးကာလ ရက်ပေါင်း(၁၂၀) သတ်မှတ်၍ (၁၈–၆–၂၀၂၄)ရက်နေ့မှ (၁၅–၁၀–၂၀၂၄)ရက်နေ့အထိ ဆောင်ရွက်ပြီး ဖြစ်ပါသည်။ အချို့ယာဉ်လိုင်းများမှာ စက်လာရောက် တပ်ဆင်ရန် နောက်ကျနေပါ၍ သီတင်းကျွတ်ရုံးပိတ်ရက်များအတွင်း ခရီးသွားပြည်သူများ ချောမွေ့စွာ သွားလာနိုင်ရန် အတွက် စက်တပ်ဆင်ခြင်းနှင့် ပညာပေးကာလကို (၁၆–၁၀–၂၀၂၄)ရက်နေ့မှ(၃–၁၁–၂၀၂၄)ရက်နေ့အထိ သက်တမ်းတိုး ကာလအဖြစ် သတ်မှတ်ပါကြောင်းနှင့် စက်မတပ်ရသေးသော ယာဉ်လိုင်းများ အမြန်ဆက်သွယ်၍ စက်တပ်ဆင်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**အမြန်လမ်းမကြီးထိန်းသိမ်းပြုပြင်ရေးနှင့်ကြီးကြပ်ရေးအဖွဲ့**
**လမ်းဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## ရန်ကုန်တက္ကသိုလ်
## (၁၃၀)ကြိမ်မြောက် ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ ရန်ကုန်တက္ကသိုလ်၂၀၁၈–၂၀၁၉ ပညာသင်နှစ်မှ ၂၀၂၃–၂၀၂၄ ပညာသင်နှစ်အထိ ကျင်းပခဲ့သော ပါရဂူဘွဲ့၊ မဟာဥပဒေဘွဲ့၊ မဟာဝိဇ္ဇာဘွဲ့၊ မဟာသိပ္ပံဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့၊ ဘွဲ့လွန်ဒီပလိုမာဘွဲ့ (CHRD)၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့၊ သိပ္ပံ(ဂုဏ်ထူး)ဘွဲ့၊ ဥပဒေပညာဘွဲ့၊ ဝိဇ္ဇာ/သိပ္ပံဘွဲ့ စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့ကြသူများသည် ဘွဲ့နှင်းသဘင်တက်ရောက်ရန်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူရန် လျှောက်လွှာပုံစံများကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်မှ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ (၂၀) ရက်အထိ တင်သွင်းလျှောက်ထားနိုင်ပါသည်။ ယခင်နှစ်များက ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံ မတင်သွင်းခဲ့ကြသူများသည်လည်း အဝေးရောက်ဘွဲ့ အတွက်သာလျှင် လျှောက်ထားနိုင်ပါသည်။

၂။ သတ်မှတ်ထားသောလျှောက်လွှာပုံစံကိုရန်ကုန်တက္ကသိုလ်ဘွဲ့နှင်းသဘင်ဌာနတွင် ရယူလျက် (၃)လအတွင်း ရိုက်ကူးထားသော(၁.၅ x၂)လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံအသစ်(၂)ပုံ (မှတ်ပုံတင်၊ (၁၀)တန်းအောင်လက်မှတ်၊ ကျောင်းသားကတ်)မူရင်းနှင့် တိုက်ဆိုင်စစ်ဆေးပြီး မိတ္တူတို့ကို ပူးတွဲ၍လျှောက်ထားရမည်။ ယခင် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရပြီးဖြစ်ပါကဘွဲ့လက်မှတ်မူရင်းနှင့်မိတ္တူကိုတစ်ပါတည်းယူဆောင်လာရမည်။

၃။ ပါရဂူဘွဲ့လျှောက်ထားမည့်သူများသည် (၁.၅ x ၂) လက်မအရွယ် ဆေးသားကောင်းသည့် ဓာတ်ပုံ (၃) ပုံ ယူဆောင်လာရမည်။

၄။ ဘွဲ့နှင်းသဘင်တက်ရောက်မည် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟုလျှောက်လွှာတင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို(၁)နှစ်အတွင်းထုတ်ပေးမည်မဟုတ်ပါ။

၅။ ဘွဲ့နှင်းသဘင်ပုံစံတင်သွင်းသူများသည် ဘွဲ့တက်ရောက်ယူပါက ဘွဲ့နှင်းသဘင်ကြေး ၁၅၀၀/–ကျပ် (ကျပ်တစ်ထောင်ငါးရာတိတိ) ပေးသွင်းကြရမည်။ အဝေးရောက်ဘွဲ့ယူပါက အဝေးရောက်ဘွဲ့ကြေး ၁၀၀၀/–ကျပ် (ကျပ်တစ်ထောင်တိတိ) ပေးသွင်းကြရပါမည်။

၆။ နယ်မှလျှောက်ထားသူများသည် သတ်မှတ်ကြေးများကိုသက်ဆိုင်ရာ ရန်ကုန်တက္ကသိုလ်ငွေလက်ခံ ဌာနသို့ စာတိုက်ငွေပို့လွှာ(**Postal Money Order**) ဖြင့် ပေးပို့နိုင်ပါသည်။ ငွေပို့လွှာအောက်ခြေ၌ ဘွဲ့နှင်းသဘင်ကြေးဟုထင်ရှားစွာရေးသား၍လျှောက်လွှာရှင်၏အမည်၊နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ ဖခင်အမည်၊ ခုံအမှတ်၊ အထူးပြုဘာသာစသည်တို့ကို တိကျစွာဖော်ပြရပါမည်။

၇။ ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာ့ဝတ်စုံ(သို့မဟုတ်) မြန်မာ့ယဉ်ကျေးမှု အစဉ်အလာနှင့် ကိုက်ညီသည့် တိုင်းရင်းသားဝတ်စုံ ဝတ်ဆင်၍ တက်ရောက်ရမည်။ အမျိုးသားများသည် အနောက်တိုင်း ဝတ်စုံကို ဝတ်စုံပြည့်ဝတ်ဆင် တက်ရောက်နိုင်သည်။ ဘာသာရေးဝတ်စုံဖြင့် တက်ရောက်ခွင့်မရှိပါ။

၈။ ဘွဲ့နှင်းသဘင်ကျင်းပမည့် အစီအစဉ်အသေးစိတ်ကို ထပ်မံကြေညာပါမည်။

**ဌာနမှူး**
**(သင်တန်းရေးရာ)**
**ရန်ကုန်တက္ကသိုလ်**

## တရားဝင်ကွာရှင်းပြတ်စဲပြီးကြောင်း
